# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၇)


## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ မကြာမီသွားရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဂလိုရီယာ မာဂါပါကဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ စီးဘူးမြို့၌ ကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံ၊ တတိယအကြိမ် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ထိပ်သီးအစည်းအဝေး၊ အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ် အရှေ့အာရှထိပ်သီးအစည်းအဝေးများသို့တက်ရောက်ရန်အတွက် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ မကြာမီအတွင်း သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့်အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ




ရန်ကုန် ဒီဇင်ဘာ ၅

**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြသည်။**

**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး

**စာမျက်နှာ ၉ ကော်လံ ၁ ●**






**အမျိုးသား ညီလာခံ စုံညီအစည်းအဝေး**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် နှင့် ကော်မရှင်အဖွဲ့ဝင် များ၊ ညီလာခံကိုယ်စား လှယ်များ တက်ရောက် ကြစဉ်။

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်)

# ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိရေး ဈေးကွက်ဝင်ကုန်ချောအဆင့် တိုးမြှင့်ထုတ်လုပ်ရောင်းချ

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါများကြွယ်ဝသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်မျက်၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပုလဲတို့သည် ကမ္ဘာတွင် ထင်ရှားကျော်ကြား လူကြိုက်များသည်။

ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်လည်း နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်း ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲပြပွဲတွင် ရောင်းချရငွေသည် ယခင်ကထက်များစွာ ပိုမိုရရှိခဲ့သည်။ အိမ်နီးချင်းနိုင်ငံများမှ ကျောက်မျက်ကုန်သည်များ၏ ဝယ်လိုအားတိုးတက်လာခြင်းကြောင့် ကျောက်စိမ်းဈေးကွက် ပွင့်လင်းလာသည်။ ကျောက်စိမ်းသည် အရောင်းရဆုံးဖြစ်သည်။ အာရှဒေသတွင် အရည်အသွေးကောင်း ကျောက်စိမ်းအများဆုံး ထုတ်လုပ်ရောင်းချသည့်နိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းသာရှိသည်။

နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူသော နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်မှုလုပ်ငန်းများကို ကိုယ်တိုင် အရင်းအနှီးစိုက်ထုတ်၍ ကိုယ်တိုင် အပင်ပန်းခံလုပ်ကိုင်ကြသော တိုင်းရင်းသားလုပ်ငန်းရှင်များကို ဦးစားပေး၍ လုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိသည်။

ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခြင်းကို အများအားဖြင့် ပွင့်လင်းရာသီတွင် တွင်ကျယ်စွာ လုပ်ကိုင်ကြရန်လိုပေသည်။ ကျောက်မျက်၊ ကျောက်စိမ်းများကို တူးဖော်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းတို့နှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်သည်။

ကျောက်မျက်လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းကို ရောင်းသည့်အဆင့်မှ ပြည်ပကုန်သည်များအကြိုက် ဈေးကွက်ဝင် ကုန်ချောအဆင့်သို့ တိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်သည်နှင့်အမျှ ယခုထက် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည်။

သို့မှသာ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အပြင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့် စက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုဖြစ်ထွန်းလာမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဆီးနိတ်လွှတ်တော်က ထောက်ခံခြင်းမရှိတော့သဖြင့် ကုလသမဂ္ဂဆိုင်ရာ ကန်သံအမတ် ဂျွန်ဘော်တန် နုတ်ထွက်

နယူးယောက် ဒီဇင်ဘာ ၅

**ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျွန်ဘော်တန်သည် ဒီဇင်ဘာ ၄ ရက်က ၎င်း၏ရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်သည်။ ဂျွန်ဘော်တန် နုတ်ထွက်မှုမှာ ၎င်း၏လက်ရှိတာဝန်များကို ထမ်းဆောင်မှုတွင် အမေရိကန် ဆီးနိတ်လွှတ်တော်က နောက်မှ အားပေးထောက်ခံမှု မပြုနိုင်တော့သည့် အနေအထားကြောင့်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။**

ပြီးခဲ့သည့်လက ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အမေရိကန်သမ္မတဘုရှ်၏ ရီပတ်ဘလီကင် ပါတီက ဆီးနိတ်လွှတ်တော်ကို ထိန်းချုပ်နိုင်ခဲ့လျှင် ဂျွန်ဘော်တန်အား ဆီးနိတ်က ထောက်ခံအားပေးမှုပြုပေးမည် ဖြစ်သော်လည်း ယခုအခါ ဒီမိုကရက်တစ်တို့က ထိုသို့ထောက်ခံမှုပေးရန် ငြင်းဆိုမည်ဖြစ်သည်။

**အနေအထား**

ဆီးနိတ်လွှတ်တော် အမတ်နေရာအများအပြားကို ပြီးခဲ့သည့်လ ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်တို့က အနိုင်ရ အောင်ပွဲခံခဲ့ပြီး နောက်ပိုင်း ကွန်ဂရက်တွင် ဂျွန်ဘော်တန်၏ နေရာ၌ အစားထိုးပြောင်းလဲမှု ကြုံတွေ့ရတော့မည့် အနေအထားရှိသဖြင့် ယခုကဲ့သို့ ဂျွန်ဘော်တန် နုတ်ထွက်ခြင်းဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ပြောကြားသည်။

ထို့အပြင် ရီပတ်ဘလီကင်တို့ လွှမ်းမိုးသော ဆီးနိတ်ကဲ့သို့ ဂျွန်ဘော်တန်၏ လုပ်ဆောင်ချက်အားလုံးကို ဒီမိုကရက်တစ်တို့က ထောက်ခံမည် မဟုတ်ဘဲ ကန့်သတ်ပိတ်ပင်မှုများ ပြုလုပ်မည်ကို ဂျွန်ဘော်တန် ရင်မဆိုင်လိုသဖြင့် ကြိုတင်နုတ်ထွက်ခြင်းလည်း ဖြစ်သည်။

**ကွဲပြား**

တစ်ဖန် ဂျွန်ဘော်တန်၏ နိုင်ငံတကာရေးရာ အမြင်များနှင့် သံတမန်နည်းလမ်းများကလည်း ဒီမိုကရက်တစ်တို့နှင့် ကွဲပြားမှုရှိနေသဖြင့် ထောက်ခံမည်မဟုတ်ရာ ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်ကြီးအဖြစ်မှ ယခုကဲ့သို့ နုတ်ထွက်ခြင်းလည်းဖြစ်ကြောင်း သမ္မတအိမ်ဖြူအရာရှိ တစ်ဦးဖြစ်သူ ဒါနာ ပီရီနိုက ပြောကြားသည်။

**ထိခိုက်**

ဂျွန်ဘော်တန် နုတ်ထွက်မှုသည် သမ္မတဘုရှ်အတွက် ကြီးမားသောထိခိုက်မှုဖြစ်စေခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

**(အင်တာနက်)**

# အမျိုးသားညီညွတ်ရေး အစိုးရဖွဲ့ရန် ပါလက်စတိုင်းခေါင်းဆောင် အဘတ်စ်တိုက်တွန်း

ဂါဇာ ဒီဇင်ဘာ ၅

**လက်ရှိ ဟားမတ်စ်အဖွဲ့ဦးဆောင်သည့် ပါလက်စတိုင်း အစိုးရအပေါ် နိုင်ငံရေးနှင့် ငွေရေးကြေးရေးပိတ်ပင် အရေးယူမှုကို ကျော်လွှားနိုင်ရန်အတွက် ဂိုဏ်းဂဏအားလုံးပါဝင်သည့် အမျိုးသားညီညွတ်ရေး အစိုးရတစ်ရပ်ဖွဲ့စည်းရန် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က ထပ်မံတိုက်တွန်းလိုက်သည်။**

သို့သော်လည်း ၎င်း၏ဖတာပါတီနှင့် ဟားမတ်စ်လှုပ်ရှားမှု အဖွဲ့ကြားညီညွတ်ရေးအစိုးရ ဖွဲ့စည်းရေး ဆွေးနွေးပွဲ ရပ်ဆိုင်းကြောင်း ကြေညာပြီးမှ မာမွတ်အဘတ်စ်က အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။

**ပြောကြား**

ပိတ်ပင်အရေးယူမှုများကို ဖယ်ရှားပစ်နိုင်သည့် အစိုးရတစ်ရပ်ကို မိမိတို့ အလိုရှိကြောင်း၊ ထိုသို့သော အစိုးရဖွဲ့စည်းရေး အချိန်ကြန့်ကြာလေ စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလေ ဖြစ်ကြောင်း အဘတ်စ်က ပြောကြားသည်။

ပြင်သစ် အတိုက်အခံဆိုရှယ်လစ်ပါတီ၏ သမ္မတလောင်း မီးစ်ရွိုင်ယယ်နှင့် ဂါဇာ၌ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် မာမွတ်အဘတ်စ်က ထိုသို့ ပြောကြားခြင်းဖြစ်သည်။

**ဆက်ဆံရေး**

မာမွတ်အဘတ်စ်နှင့် ဧည့်သည်တော် မီးစ်ရွိုင်ယယ်တို့သည် ပါလက်စတိုင်း ယေဘုယျ အခြေအနေ၊ အထူးသဖြင့် ဂါဇာကမ်းမြောင်၌ အစ္စရေးနှင့် ပါလက်စတိုင်းတို့ အပစ်အခတ်ရပ်ရန် သဘောတူညီမှု၊ ပြင်သစ်နှင့် ပါလက်စတိုင်းအမျိုးသား အာဏာပိုင်အဖွဲ့အကြား အပြန်အလှန်ဆက်ဆံရေးကိစ္စများကို ဆွေးနွေးကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ဖိလစ်ပိုင်၌ မုန်တိုင်း ဝင်ရောက် တိုက်ခတ်

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အရှေ့တောင်ဘက် မေယွန်မီးတောင်အနီး ဒူရီယန်းမုန်တိုင်း ဒီဇင်ဘာ ၂ရက်က ဝင်ရောက် တိုက်ခတ်ခဲ့မှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းကာ မြေပြိုမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ရာ လူပေါင်း ၄၀၆ ဦး ရွှံ့ညွန်များအကြား ပိတ်မိပြီး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဖြစ်ပွားစဉ်တွင် အခြားလူပေါင်း ၃၉၈ ဦးလည်း ရွှံ့ညွန်များအတွင်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ လူပေါင်း ၁၀၀၀ အထိ သေဆုံးမှုဖြစ်ပွားနိုင်ကြောင်း ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

မိုးသည်းထန်စွာ ရွာသွန်းစဉ် အဆိုပါ မီးတောင်၏ တောင်စောင်းများမှ ရွှံ့ညွန်များ ကျေးရွာများအတွင်း ဝင်ရောက်ကာ ဖုံးလွှမ်းခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

## မြဝတီရုပ်မြင်သံကြား

၆-၁၂-၂၀၀၆

(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၃၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၅ | ၁၄။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း-၇) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၂၅) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၁၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | နည်းပညာတို့ရဲ့အစွမ်း သမကောလိပ်အလုပန်း |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇:၅၀ | တေးဂီတအစီအစဉ် |
| ၇:၅၅ | ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ (ဒေါက်တာအေးကျော်) |
| ၈:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၃၀ | အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (၂၀၀၆ ခုနှစ် ရုပ်ရှင်သက်ကြီးပူဇော်ပွဲ ရန်ပုံငွေကပွဲ) |
| ၉:၀၅ | တေးဂီတအစီအစဉ် |
| ၉:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၁၅ | အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည် |
| ၉:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၅ | Midweek Sports News |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | နှင်းဆီပင်စိုက်ကြရအောင် |
| ၁၀:၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၀ | Myanmar Video Rhythm |
| ၁၁:၁၅ | တေးဂီတအစီအစဉ် |
| ၁၁:၂၀ | စေတနာအပေါင်း ခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၅၅ | ပိုက်ဆက်အတတ်ပညာ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**Champions League ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၃၀ | Porto-Arsenal | 5-Series(Live) |
| ၂:၀၀ | Man:Utd-Benfica | 5-Sports(Live) |

# ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်တစ်ခုအတွက် သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်တစ်နယ်တွင်သာ ပါဝင်ယှဉ်ပြိုင်သင့်

ရန်ကုန် ဒီဇင်ဘာ ၅

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၁ ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ "ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း"တို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ရက်နှင့် ၃၁ရက်နေ့များ၌ ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ရှင်းလင်းပြောကြားချက်များကို တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် လေ့လာမှတ်သားကြရပါသည်။ ထို့အပြင် အစုအဖွဲ့များသို့ ပေးပို့ခဲ့သော ရှင်းလင်းချက်စာတမ်းများကိုလည်း ဖတ်ရှုလေ့လာမှတ်သားခွင့် ရရှိခဲ့ကြရပါတယ်။ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြခဲ့သဖြင့် ကိုယ်စားလှယ်များအားလုံး ပိုမိုနားလည်သဘောပေါက်ကာ ကျယ်ကျယ်ပြန့်ပြန့် သိရှိခွင့်ရခဲ့ကြပါတယ်။

သို့ဖြစ်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်အပေါ် ပြည်ထောင်စု တစ်ဝန်းလုံးမှ တိုင်းရင်းသားလူမျိုးစုံ ပါဝင်ကြသည့် ကိုယ်စားလှယ်များသည် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်၍ အကြံပြုစာတမ်းကို ဝိုင်းဝန်းရေးသားခဲ့ကြပါတယ်။ စာတမ်းရေးသားရာတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း လွတ်လပ်စွာ ရေးသားပြုစုတင်ပြခဲ့ကြပါတယ်။

ယခုတင်ပြသည့် စာတမ်းတွင် လုပ်ငန်းကော်မတီမှ ရှင်းလင်းခဲ့သည့် ချမှတ်ရမယ့် အခြေခံမူများအပေါ် ထောက်ခံသဘောတူကြောင်း တင်ပြသည့် အချက်များအပြင် သီးခြားအကြံပြုချက်အချို့လည်း ပါဝင်မည်ဖြစ်ပါသည်။ လုပ်ငန်းကော်မတီသည် မိမိနိုင်ငံနှင့် အခြားနိုင်ငံအသီးသီး၏ အခြေခံဥပဒေများကို လေ့လာပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် သင့်လျော်သည့် အချက်အလက်များအား စုစည်းတင်ပြထားခြင်းကြောင့် ကိုယ်စားလှယ်များအနေဖြင့် လွယ်ကူစွာ သိရှိအကြံပြုတင်ပြခွင့် ရရှိခဲ့ကြပါတယ်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ပြည်နယ်၊ တိုင်းအလိုက် တင်ပြသော စာတမ်းများ၊ တစ်ဦးချင်း ရေးသားအကြံပြုချက်များကို တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် သေချာစွာလေ့လာဆန်းစစ်ပြီး အပြုသဘောဆောင်သည့် အကြံပြုချက်များကို စုစည်း၍ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ချမှတ်ထားသည့် အခြေခံမူများအတွင်းမှ စာတမ်းပြုစုရေးသားခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်များခင်ဗျား–**

နိုင်ငံတော် အချုပ်အခြာအာဏာသုံးရပ်အနက်က အရေးကြီးဆုံးဖြစ်တဲ့ ဥပဒေပြုရေးအာဏာကို လွှတ်တော်ကိုယ်စားလှယ်များက ကျင့်သုံးခွင့်ရှိမှာဖြစ်ပါတယ်။ ဒီနေရာမှာ အများပြည်သူများရဲ့ ဆန္ဒနဲ့အညီ ဥပဒေများပြဋ္ဌာန်းသတ်မှတ်နိုင်ဖို့ လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံသားများဟာ မဲဆန္ဒပေးပိုင်ခွင့်ရှိတဲ့ အခြေအနေမှာ ဆန္ဒပြုရွေးချယ်တင်မြှောက်ပေးကြမှာဖြစ်ပါတယ်။ အဲဒီလို ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ နိုင်ငံသားတို့အနေနဲ့ မိမိတို့လိုလားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို အမှောင့်ပယောဂ ကင်းရှင်းစွာဖြင့် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအလျောက် ရွေးချယ်ခွင့်ရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံသားတစ်ဦးဦးဟာ မိမိတို့ရဲ့ ဆန္ဒအစစ်အမှန်ကို ဖော်ထုတ်နိုင်ဖို့မှာ မည်သည့် မတရားလွှမ်းမိုးမှုမျိုးကိုမဆို တားဆီးပေးနိုင်မှသာ စစ်မှန်သည့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် လွတ်လပ်သော ပြည်သူ့ဆန္ဒအစစ်အမှန်ကို ဖော်ထုတ်ပေးနိုင်မည် ဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးဦးဟာ မိမိရဲ့ကိုယ်စား နိုင်ငံတော်ရဲ့ ဥပဒေပြုခွင့် အာဏာကို ကျင့်သုံးနိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးချယ်ဆန္ဒမဲပေးရာတွင် အထက်က တင်ပြခဲ့သလို လွတ်လပ်သော မိမိရဲ့သဘောဆန္ဒအလျောက် ဖြစ်ဖို့ အရေးကြီးလှပါတယ်။ ဒါကြောင့် နိုင်ငံသားတစ်ဦးဦးသည် မဲဆန္ဒပေးရာတွင် မိမိ၏ သဘောဆန္ဒအား မတရားသြဇာလွှမ်းမိုးမှုမှ ကင်းလွတ်စေရန်အတွက် ၎င်း၏ မဲဆန္ဒပေးမှုကို လျှို့ဝှက်စွာ ပေးလိုမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်များမှ တိုင်းပြည်၏ အကျိုးကို သယ်ပိုးနိုင်မည်ဟု ယူဆသည့် လွှတ်တော်အသီးသီးရဲ့ ကိုယ်စားလှယ်များအား မဲဆန္ဒပေးရာမှာ အဲဒီလွှတ်တော် ကိုယ်စားလှယ်၏ အရည်အချင်း ချို့ယွင်းပျက်ယွင်းခြင်းကို ရွေးကောက်တင်မြှောက်ပြီးကာမှ သိရှိလျှင်ဖြစ်စေ၊ ရွေးကောက်တင်မြှောက်ပြီးကာမှ ၎င်းလွှတ်တော်ကိုယ်စားလှယ်ရဲ့ အရည်အချင်းများ ပျက်ပြားလျှင်ဖြစ်စေ ၎င်းလွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှရုပ်သိမ်းနိုင်ခွင့်အား မဲဆန္ဒရှင်များရဲ့ အခွင့်အရေးအဖြစ် အသေးစိတ်အခြေခံရမယ့်မူထဲမှာ ချမှတ်သင့်ပါတယ်။

အဲဒီလို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းများကိုတော့ ပြည်သူအများရဲ့ သဘောတူညီချက်ဖြင့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်မှ ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲများ ကျင်းပခြင်းဆိုင်ရာနှင့် ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ရပ် ဖွဲ့စည်းပေါ်ပေါက်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ရွေးကောက်ပွဲများကို ဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့ တာဝန်များ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့် အရည်အချင်းများ၊ အစားထိုးခန့်ထားခြင်းများကိုလည်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ထည့်သွင်းထားသင့်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကိုရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံက အခြေခံရမယ့်မူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရာမှာ အခန်းခေါင်းစဉ် (၁၅)ခုကို ဦးစွာ သတ်မှတ်ပေးခဲ့ပါတယ်။ **"ရွေးကောက် တင်မြှောက်ခြင်း"**အခန်းနဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများကို အောက်ပါအတိုင်း ချမှတ်ထားရာ–

(က) **နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရရှိမည်။**

(ခ) **ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်**

တို့ ဖြစ်ပါတယ်။

အဲဒီရွေးကောက်တင်မြှောက်ခွင့်၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသူများဟာ ဆင်ခြင်တုံတရားနဲ့ ပြည့်စုံပြီး ရင့်ကျက်ဖို့ လိုပါတယ်။

ဒါ့ကြောင့် မိမိတို့နိုင်ငံမှာ အသက်(၁၈)နှစ်ပြည့်ပြီး ဥပဒေနဲ့ညီညွတ်သူတိုင်းကို ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးများရရှိစေရေးနဲ့ စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူချမှတ်ရန် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒရှင်တစ်ဦးဟာ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသင့်ပါတယ်။ ဒါမှသာ အခွင့်အရေးကို ညီမျှတိကျစွာ ရရှိမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ရွေးကောက်တင်မြှောက်ဖို့ရှိရာ ဥပဒေနဲ့ညီညွတ်တဲ့ မဲဆန္ဒရှင်များသည် မြို့နယ်အလိုက် ရွေးကောက်တင်မြှောက်ဖို့ရှိတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်နိုင်ကြဖို့အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများနဲ့ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူများစသည်တို့ကိုလည်း ဆန္ဒမဲပေးပိုင်ခွင့်မပြုသင့်တဲ့အတွက် ဆန္ဒမဲပေးပိုင်ခွင့်မရှိကြောင်း အခြေခံမူ ရှိသင့်ပါတယ်။ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ ကိုယ်စားလှယ်လောင်းများသည်လည်း လွှတ်တော်တစ်ခုအတွက် သတ်မှတ်ထားတဲ့ မဲဆန္ဒနယ်တစ်နယ်တွင်သာ ပါဝင်ယှဉ်ပြိုင်သင့်ပါတယ်။

ပြည်ထောင်စုနယ်မြေများကို နိုင်ငံတော်သမ္မတက တိုက်ရိုက်အုပ်ချုပ်သွားမှာဖြစ်ပြီး ပြည်ထောင်စုနယ်မြေများအတွက် လိုအပ်တဲ့ဥပဒေများကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးမှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီ ပြည်ထောင်စုနယ်မြေများမှာရှိတဲ့ မဲဆန္ဒရှင်များဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မလိုတော့ဘဲ ပြည်ထောင်စုလွှတ်တော်မှာပါရှိတဲ့ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်အတွက် လွှတ်တော်ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ပေးကြရမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကိုမူ သတ်မှတ်ပေးထားတဲ့ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များက ရွေးကောက်တင်မြှောက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေအတွင်း နေထိုင်ကြတဲ့ မဲဆန္ဒရှင်များဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ရန်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားသင့်ပါတယ်။

ဒါ့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ် သို့မဟုတ် နယ်မြေတစ်ခုခုကို ထူးခြားတဲ့အခြေအနေအရ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်းပြီး ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်တဲ့အခါ အဲဒီနယ်မြေဟာ နိုင်ငံတော်သမ္မတရဲ့ တိုက်ရိုက်အုပ်ချုပ်မှုအောက်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

မူလကအဲဒီနယ်မြေမှ ရွေးကောက်တင်မြှောက်လိုက်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟာ အဲဒီနယ်မြေကို ပြည်ထောင်စု လွှတ်တော်က ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဖို့ ဥပဒေပြဋ္ဌာန်းတဲ့အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မရှိသင့်တော့ကြောင်း တွေ့ရှိရတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရသော်လည်းကောင်း အရည်အချင်း ပျက်ယွင်းသူမဟုတ်ပါက ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်နဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်ပါတယ်။



**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ ပဲခူးတိုင်းမှ ဦး ဝင်း မြင့် စိုး တိုင်း ရင်း သား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဟာ နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခဲ့လျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင်သော် လည်းကောင်း၊ အကျင့်သိက္ခာ ပျက်ပြားလျှင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာကိုယ်စားလှယ်နဲ့ ပတ်သက်တဲ့ အရည်အချင်းပျက်ယွင်းလျှင်သော် လည်းကောင်း၊ ပေးအပ်သောတာဝန်ကို ကျေပွန်စွာမထမ်းဆောင်လျှင်သော် လည်းကောင်း မဲဆန္ဒရှင်များက မိမိတို့ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော် ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ပြုသင့်ပါတယ်။

ရွေးကောက်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့အခါ သက်ဆိုင်ရာမဲဆန္ဒနယ်ရဲ့ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ပတ်သက်တဲ့ တိုင်တန်းချက်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြသင့်ပါတယ်။ ကော်မရှင်ကလည်း ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးသင့်ပါတယ်။ အဲဒီအခါ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း ချေပခွင့် ပေးသင့်ပါတယ်။

စွပ်စွဲချက်သည် မှန်ကန်ပါက ထိုကိုယ်စားလှယ်ဟာ အပြစ်ရှိတဲ့အတွက် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေနဲ့အညီ ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သင့်ပါတယ်။ မဟုတ်မမှန် တိုင်တန်းခဲ့ရင်တော့ လွှတ်တော် ကိုယ်စားလှယ်ကို မူလကအတိုင်း တာဝန်ထမ်းဆောင်ခွင့်ပေးသလို တိုင်ကြားသူကိုတော့ တည်ဆဲဥပဒေအရ အရေးယူနိုင်ရန်အတွက် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေတို့မှာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါတယ်။ ဒါမှလည်းမဟုတ် မတရားတိုင်တန်းမှုများကို ကြိုတင်ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုအခါ မိမိတို့ကျင့်သုံးလျက်ရှိတဲ့ မဲဆန္ဒနယ်တစ်နယ်စီမှ ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက်တင်မြှောက်တဲ့စနစ်အစား ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ရွေးကောက်တင်မြှောက်နိုင်သော မဲဆန္ဒနယ်ကို ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး ရရှိသည့် ထောက်ခံမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ကို အချိုးကျ သတ်မှတ်ပေးတဲ့စနစ်ကို နိုင်ငံအတော်များများက သုံးစွဲလာကြတာကို လေ့လာတွေ့ရှိရပါတယ်။ ယင်းသို့ တိုးတက်လာတဲ့ အခြေအနေမျိုးကိုလေ့လာပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အညီ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးဖို့ဖြစ်ပါတယ်။

အထက်ပါ ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း တို့နဲ့စပ်လျဉ်းပြီး ဥပဒေတစ်ရပ် လိုအပ်လာပါတယ်။ အဲဒီဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းရမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမှာဖြစ်လို့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အသီးသီးအတွက် ရွေးကောက်ပွဲများကို အခါ အားလျော်စွာ ကျင်းပပေးရမှာဖြစ်လို့ ရွေးကောက်ပွဲလုပ်ငန်းများကို စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်ကို အမြဲတမ်းဖွဲ့စည်းထားပြီး ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များကိုမူ ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးသင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာ ပါရှိပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စု ဝန်ကြီးခန့်ထားခြင်းနဲ့စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များပါ နည်းလမ်းများအတိုင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်အနည်းဆုံး ငါးဦးကို ခန့်အပ် တာဝန်ပေးသင့်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဖြစ်အနည်းဆုံး အသက်(၅၀)နှစ်ပြည့်ပြီး အတွေ့အကြုံရှိသူများကို ခန့်အပ် တာဝန်ပေးသင့်ပါတယ်။ ဒါ့အပြင် ထိုပုဂ္ဂိုလ်များဟာ အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူများလည်းဖြစ်သင့်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ နိုင်ငံသားများအပေါ် သစ္စာရှိသူများ၊ နိုင်ငံရေးပါတီဝင် မဟုတ်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများကိုသာ ခန့်အပ်တာဝန်ပေးသင့် ပါတယ်။ ၎င်းတို့ဟာ ကော်မရှင်တာဝန်မှအပ လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမရှိသူများသာ ဖြစ်သင့်ပါတယ်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့**

စာမျက်နှာ ၃ မှ

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ကို ကြီးကြပ်စေခြင်းစတဲ့ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင် ရွက်ရမှာ ဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စား လှယ်များကို ရွေးကောက်တင်မြှောက်နိုင်ရန် လွှတ်တော်အလိုက် မဲဆန္ဒနယ် များကို သတ်မှတ်ပေးဖို့ရှိမှာ ဖြစ်ပါတယ်။ မဲဆန္ဒနယ်များ သတ်မှတ်ရာမှာ လူဦးရေအရ လည်းကောင်း၊ မြို့နယ်အရ လည်းကောင်း တတ်နိုင်သမျှ ညီညီမျှမျှ ဖြစ်စေဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူသတ်မှတ်ပေးသင့် ပါတယ်။

ရွေးကောက်ပွဲတစ်ရပ်ရဲ့ အဓိကအရေးကြီးဆုံး လုပ်ငန်းတစ်ရပ်မှာ မဲစာရင်း များ ပြုစုခြင်းဖြစ်ပါတယ်။ မဲစာရင်းများ ပြုစုခြင်းလုပ်ငန်းအပြင် ပြင်ဆင်ခြင်း ကိုလည်း ဥပဒေနဲ့အညီဆောင်ရွက်ပေးနိုင်ဖို့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကို တာဝန်ပေးအပ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က လွတ်လပ်ပြီး တရားမျှတစွာဖြစ်စေဖို့ ဥပဒေနဲ့အညီ ကျင်းပပေးမှာ ဖြစ်ပါတယ်။

အဲဒီလို ကျင်းပပေးတဲ့အခါ သဘာဝဘေးအန္တရာယ်ကြောင့် သော်လည်း ကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိတဲ့ မဲဆန္ဒနယ်များရဲ့ ရွေးကောက်ပွဲများအား ရွှေ့ဆိုင်းခြင်း တာဝန်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးအပ်သင့်ပါတယ်။

ဒါ့အပြင် ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီ လည်းကောင်း၊ ထုတ်ပြန်ခွင့်တာဝန်ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား ပေးအပ်သင့်ပါတယ်။

ထိုနည်းတူစွာ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးဆုံးဖြတ် ပေးနိုင်ဖို့ ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းခြင်းကိုလည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ကိုပဲ တာဝန်ပေးအပ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့်စပ်လျဉ်းပြီး အရေးကြီးတဲ့ အချက် ကိုလည်း တင်ပြလိုပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အဆုံးအဖြတ်များဟာ အပြီးအပြတ်နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်မှသာ နောင်အခါ ဖြစ်ပေါ်လာမယ့် အရှုပ်အထွေးများကို ကြိုတင် ရှင်းလင်းထားရာရောက်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် အဓိကအရေးကြီးတဲ့ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရေးအရာကိစ္စ များကို သီးသီးသန့်သန့် ဖြေရှင်းဆုံးဖြတ်စေဖို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို တာဝန်ပေးသင့်ပါတယ်။ ဒါမှသာ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရာမှာ တိတိကျကျ ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနဲ့ စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ အတိုင်း ဆောင်ရွက်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များဟာ ရာထူး တာဝန်ထမ်းဆောင်နေစဉ် ကျန်းမာရေး အခြေအနေအရဖြစ်စေ၊ အခြားအကြောင်း တစ်ခုခုကြောင့်ဖြစ်စေ၊ မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်လိုလျှင်လည်း နုတ်ထွက်ခွင့် ပြုသင့်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး သည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်ပါက နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်ကို ခန့်အပ်တာဝန်ပေးရမှာဖြစ်တဲ့အတွက် အဲဒီလို ခန့်အပ်တာဝန်ပေး ရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ကို အရည် အချင်းပြည့်ဝတဲ့ ပြင်ပပုဂ္ဂိုလ်များကို ခန့်ထားနိုင်သလို နိုင်ငံ့ဝန်ထမ်းများထဲမှ သင့်လျော်မယ့် ပုဂ္ဂိုလ်များကိုလည်း ခန့်ထားနိုင်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်းခံရသူတွေဟာ နိုင်ငံ့ဝန်ထမ်းဖြစ်ရင်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရတဲ့ နေ့မှစပြီး တည်ဆဲ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူစေသင့်ပါတယ်။

အရည်အချင်းပြည့်ဝတဲ့ အဖွဲ့ဝင်များနဲ့ ဖွဲ့စည်းထားတဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဟာ ရွေးကောက်တင်မြှောက်ခြင်းနဲ့ စပ်လျဉ်း၍ဖြစ်စေ၊ ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများနဲ့ စပ်လျဉ်း၍ဖြစ်စေ၊ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်း၍ ဖြစ်စေ အဆုံးအဖြတ်ပြုတဲ့အခါ ဥပဒေများနဲ့အညီ တိကျမှန်ကန်စွာ ဆုံးဖြတ် ပေးနိုင်မယ့် အဖွဲ့အစည်းဖြစ်တဲ့အတွက် ကော်မရှင်ရဲ့ အဆုံးအဖြတ်ဟာ အပြီး အပြတ် အတည်ဖြစ်စေသင့်ပါတယ်။

ချမှတ်ထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများမှာ **"ပြည်ထောင်စု တရား သူကြီးချုပ်ကို ဒုတိယ သမ္မတအဆင့်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးကို ပြည်ထောင်စုဝန်ကြီးအဆင့်"** သတ်မှတ်ထားသလို ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ အဆင့်သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်တင်မြှောက်ခြင်း အခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အောက်ပါအတိုင်း စုစည်း တင်ပြအပ် ပါတယ်–

**၁။ လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက် တင်မြှောက်ရာတွင်–**

**(က) ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့ရက်၌ အသက် (၁၈)နှစ် ပြည့်၍ ဥပဒေအရ အရည်အချင်း ပျက်ယွင်းသူ မဟုတ်သည့် အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

**(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့် ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ် တစ်နယ် တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲသာ ပေးပိုင်ခွင့် ရှိသည်။**

**(ဂ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများ သည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။**

**(ဃ) လျှို့ဝှက် ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။**

**၂။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့် မရှိစေရ–**

**(က) သာသနာ့ဝန်ထမ်းများ၊**

**(ခ) ထောင်ဒဏ်ကျခံနေရသူများ၊**

**(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထား သည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊**

**(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့် မရသေးသူများ၊**

**(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်း ခံရသူများ၊**

**၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲ တစ်ရပ် တွင်–**

**(က) လွှတ်တော် တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည်၊**

**(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။**

**၄။ (က) ပြည်ထောင်စုနယ်မြေ သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေ များအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များကိုသာ ရွေးကောက် တင်မြှောက်ခွင့်ရှိသည်။**

**(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စု နယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင်သီးခြား ခွင့်ပြုထားခြင်း မရှိလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ။**

**၅။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ သော်လည်း ကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက် များအရ သော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက် တင်မြှောက်ခံပိုင်ခွင့် ရှိသည်။**

**၆။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်–**

**(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊**

**(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊**

**(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊**

**(၄) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် သက် ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၏ အရည်အချင်း ပျက်ယွင်းခြင်း၊**

**(၅) ပေးအပ်သောတာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်း ဆောင်ခြင်း။**

**(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်း ဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက် ကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်၊**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်း စစ်ဆေးရမည်၊**

**(ဃ) စွပ်စွဲချက်ကို စုံစမ်းစစ်ဆေးသည့်အခါ သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ် ကိုယ်တိုင်သော် လည်းကောင်း၊ ကိုယ်စားလှယ် ဖြင့်သော်လည်းကောင်း ချေပခွင့်ပေးရမည်၊**

**(င) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထိုစွပ်စွဲချက်သည် မှန်ကန်ပြီး စွပ်စွဲခံရသူ သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း သဘောရရှိလျှင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။**

**၇။ ပြည်ထောင်စု လွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်း ခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ လည်းကောင်း လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။**



**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ကချင်ပြည်နယ်မှ ဒေါ်ဆိုင်းခေါင် တိုင်း ရင်း သား လူမျိုး ကိုယ်စား လှယ်များ အစု အဖွဲ့၏ အကြံပြု ချက် စာတမ်းကို ဖတ်ကြား တင်ပြ စဉ်။**
(သတင်းစဉ်)

**၈။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် တစ်ရပ်ကို ဖွဲ့စည်းရမည်၊ ယင်းသို့ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်း သည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး(၅) ဦးကို ခန့်အပ် တာဝန်ပေးနိုင်သည်။**

# ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်

**(ခ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သည်–**

**(၁) အသက်(၅၀)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်။**

**(၂) အသက် ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည် အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။**

**(၃) (កက) ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရား သူကြီးအဖြစ် ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီး အဖြစ် ဖြစ်စေ၊ အလားတူ ရာထူးတာဝန်တစ်ခုခုတွင် ဖြစ်စေ အနည်းဆုံး(၅)နှစ် ဆောင်ရွက်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်**

**(ခခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့် ထက် မနိမ့်သော တရားရေးဝန်ထမ်း သို့မဟုတ် ဥပဒေဝန်ထမ်းရာထူးတွင် အနည်းဆုံး(၁၀) နှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်**

**(ဂဂ) တရားလွှတ်တော်ရှေ့နေ( Advocate)အဖြစ် အနည်းဆုံး(၂၀)နှစ် အမှုလိုက်ပါ ဆောင်ရွက် ခဲ့သူ ဖြစ်ရမည်။ သို့မဟုတ်**

**(ဃဃ) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ ဖြစ်ရမည်။**

**(၄) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်ရမည်၊**

**(၅) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။**

**(၆) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ ဖြစ်ရမည်။**

**(၇) နိုင်ငံရေးပါတီဝင် မဟုတ်သူ ဖြစ်ရမည်။**

**(၈) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူ ဖြစ်ရမည်။**

**(၉) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့် ရာထူးကိုမျှ လက်ခံခြင်းမပြုသူ ဖြစ်ရမည်။**

**၉။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်–**

စာမျက်နှာ ၅ ကော်လံ ၁ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့်သတ်မှတ်သည် ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်

စာမျက်နှာ ၄ မှ

(က) လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊
(ခ) လွှတ်တော်ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်စေခြင်း၊
(ဂ) မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊
(ဃ) မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်း၊
(င) သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေး အခြေအနေအရသော်လည်းကောင်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကို ရွှေ့ဆိုင်းခြင်း၊
(စ) ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာနည်းဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်စသည်များကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊
(ဆ) ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ခုံအဖွဲ့များ ဖွဲ့စည်းခြင်း၊
(ဇ) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ခြင်း၊

**၁၀။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။**

**၁၁။ (က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည်ရာထူးတာဝန် ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။**

**(ခ) ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ်အဖွဲ့ဝင်နေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီး ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအသစ် သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။**

**(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်သည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။**

**၁၂။ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်၏ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည် ဖြစ်စေရမည်–**
(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊
(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊
(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။

**၁၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။**

**၁၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့်သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်။**

တို့ဖြစ်ပါတယ်။ အထက်ပါအချက် (၁၄)ချက်လုံးဟာ ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အမှန်တကယ်လိုအပ်တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအနက် ဥပဒေပြုရေးအခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်ကြမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များဟာ နိုင်ငံတော်အတွက် ဥပဒေပြုရာတွင် အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါရှိမှာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေးအရာများကို အဆက်မပြတ်သိရှိနေဖို့ လိုအပ်ပါတယ်။ ဒါမှသာ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ ထိရောက်မှုရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူဖြစ်ရမည်လို့ အသေးစိတ်အခြေခံရမယ့်မူကို အမျိုးသားညီလာခံက ချမှတ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အဲဒီလို အသေးစိတ်အခြေခံရမယ့်မူ ချမှတ်စဉ်က နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်သူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာနေထိုင်ခဲ့တဲ့ကာလကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်တွင် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ဖွယ်ရာ ရှိပါတယ်။ ယခုအခါ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် နိုင်ငံသားအတော်များများဟာ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်ရေးကိုယ်တာ ကိစ္စဖြင့် သွားရောက်ခြင်းများ ရှိနေပါတယ်။ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာ နေထိုင်တဲ့ကာလကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

**"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် အနည်းဆုံး(၁၀)နှစ် အခြေချနေထိုင်ခဲ့သူ"**

ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့်မူအောက်တွင် ခြွင်းချက်အဖြစ်–

**"နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်"**လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ဆက်လက်ပြီး **နိုင်ငံရေးပါတီများအခန်း**နှင့်စပ်လျဉ်း၍ တင်ပြပါမယ်။

စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရာမှာ နိုင်ငံရေးပါတီများဟာလည်း အရေးပါတဲ့ကဏ္ဍမှာ ပါဝင်နေကြပါတယ်။ နိုင်ငံရေးပါတီများဟာ နိုင်ငံတော်အတွက်အဘက်ဘက်မှ တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ကြရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံရေးပါတီများက လိုက်နာရမည့် စည်းကမ်းများ၊ ပါတီ၏သဘောထား ရည်ရွယ်ချက်များ ပြဋ္ဌာန်းထားရှိရမှာ ဖြစ်ပါတယ်။

ပါတီများရဲ့ နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်ယှက်ဟန့်တားခြင်းများစတဲ့ ဥပဒေနဲ့ မလျော်ညီတဲ့ လုပ်ရပ်များကို တားဆီးဖို့လည်း အသေးစိတ်အခြေခံမူများ ချမှတ်ထားသင့်ပါတယ်။

အမျိုးသားညီလာခံက နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး**"နိုင်ငံတော်သည် စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန်လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်"**လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့လည်း ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန် လိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီတစ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမယ့်အပြင် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင်နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ထားရှိဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာပြီး စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှုပေးနိုင်မှသာလျှင် တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အဲဒီလိုစနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဥပဒေနဲ့အညီ နိုင်ငံတော်အတွင်းနိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်ရှိမှာဖြစ်သလို နိုင်ငံတော်အတွင်း၌ကျင်းပသော ရွေးကောက်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရသို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်းပြုပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့် မပြုသင့်တော့ပါ။ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုတဲ့ ပါတီမျိုးကိုလည်း ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်ပါ။ နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန် ဆောင်ရွက်ပေးကြဖို့ တာဝန်ရှိပါတယ်။ အဲဒီလိုဦးဆောင်ဦးရွက်ပြုတဲ့အခါ အမျိုးမျိုးအဖုံဖုံ ကွဲပြားခြားနားမှုများ မဖြစ်ရလေအောင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အောက်ပါအတိုင်း စုစည်းဖော်ပြအပ်ပါတယ်။

**၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်။**

**၂။ နိုင်ငံရေးပါတီတစ်ရပ်သည်–**
**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။**



**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ ကရင်ပြည်နယ်မှ ဦးစောဝင်းထိန် တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစား**လိုက်နာရမည်။**
(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။

၃။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–
**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။**
(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

၄။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ–
(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊
**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန် ပုန်ကန်နေသော** သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာ**ခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍** ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊
(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခုသို့မဟုတ် **ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်** အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊
(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။

၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄၊ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း **မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**

**၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်။**

စသည်တို့ ဖြစ်ပါတယ်။ အဆိုပါ အချက်(၆)ချက်ကို နိုင်ငံရေးပါတီများအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများအခန်း၌ အသေးစိတ်အခြေခံရမယ့်မူများ အပိုဒ်(၂)တွင် နိုင်ငံရေးပါတီတစ်ရပ်ရပ်သည်–

"(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်။
(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်။
(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်။"ဟု ဖော်ပြထားရာအပိုဒ်
(ဃ) အနေဖြင့် **"နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရန် တာဝန်ရှိသည်"**ဟု ဖြည့်စွက်အကြံပြုပါသည်။

ထိုသို့အကြံပြုရခြင်းမှာပါတီစုံဒီမိုကရေစီထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုနိုင်သော အရည်အသွေးပြည့်ဝပြီး ခိုင်မာသည့်နိုင်ငံရေးပါတီများ ပေါ်ထွန်းလာရေးအတွက်လည်းကောင်း၊ နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အစဉ်အမြဲ စောင့်သိရိုသေရန်မှာ မရှိမဖြစ် လိုအပ်သောကြောင့်လည်းကောင်း အကြံပြုတင်ပြရခြင်းဖြစ်ပါသည်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ဆက်လက်ပြီး **အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း**နှင့် စပ်လျဉ်း၍ တင်ပြပါမယ်။

မိမိတို့နိုင်ငံရဲ့ ဒေသတစ်ခုခုတွင်သော်လည်းကောင်း၊ နိုင်ငံတော်တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါဖြစ်စေ၊ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာပျက်ယွင်းမည့် အခြေအနေကျရောက်သည့်အခါဖြစ်စေ၊ ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ပျက်ပြားသည့်အခါဖြစ်စေ၊ နိုင်ငံတော်မှာ အရေးပေါ်အခြေအနေကျရောက်မှာဖြစ်ပါတယ်။ အဲဒီလို အရေးပေါ်အခြေအနေအသီးသီးမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေးတို့အတွက် ဆောင်ရွက်နိုင်အောင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်အခြေခံမူများ ထည့်သွင်းချမှတ်ရန် လိုအပ်ပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော် အခြေခံမူများအတွက် အခြေခံရမယ့်မူများ ချမှတ်စဉ်က အရေးပေါ်ကာလနဲ့ စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံရမယ့်မူများကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

**"တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ် တစ်နယ်တွင် ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ**

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

စာမျက်နှာ ၅ မှ

လုပ်ငန်းများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ အုပ်ချုပ်ရေးဆိုင်ရာ အခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ၌ လိုအပ်လျှင် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနှင့် သက်ဆိုင်သည့် ဥပဒေပြုခွင့်အာဏာများကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ နိုင်ငံတော်သမ္မတက သုံးစွဲဆောင်ရွက်ခွင့်ရှိသည်"

"တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တစ်စုတွင်ဖြစ်စေ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းရှိလျှင် ထိုအန္တရာယ်ကို တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တားဆီးကာကွယ် စောင့်ရှောက်ခွင့်ရှိသည်၊"

"နိုင်ငံတော် အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု စသော အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်း ရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာ အာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ ရယူသုံးစွဲခွင့်ရှိသည်"

ထုတ်ပြန်သင့်ပါတယ်။ ဒီလို အမိန့်ထုတ်ပြန်ရာမှာ အကျိုးသက်ရောက်မယ့် နယ်မြေဒေသနဲ့ အချိန်ကာလတို့ကို တိတိကျကျ သတ်မှတ်ထားဖို့လိုပါတယ်။

အရေးပေါ် အခြေအနေကြေညာခြင်းခံရတဲ့အချိန်ဟာ သာမန်ထက် ထူးခြားပြီး ခက်ခဲတဲ့အခြေအနေရှိတာကြောင့် အကျုံးဝင်တဲ့နယ်မြေ ဒေသရှိ ပြည်သူများ၏ နိုင်ငံသားများ ခံစားခွင့်ရှိနေတဲ့ မူလအခွင့်အရေး တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်ထားရန် လိုအပ်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတအနေနဲ့ မိမိထုတ်ပြန်ခဲ့တဲ့ အရေးပေါ် အခြေအနေ ကြေညာ ခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို အနီးကပ်ဆုံး ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူသင့်သလို ပြည်ထောင်စု လွှတ်တော်အစည်းအဝေးကျင်းပချိန်မဟုတ်ရင် ပြည်ထောင်စု လွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေပြီး အဲဒီအစည်းအဝေးမှာ နိုင်ငံတော် သမ္မတက တင်ပြအတည်ပြုချက်ရယူဖို့လိုပါတယ်။

အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်တဲ့ နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၁(ခ)တွင် **"နိုင်ငံတော်သမ္မတက ထုတ်ပြန်ခဲ့သောဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ရုပ်သိမ်းထားခြင်းမရှိလျှင် ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စု လွှတ်တော်အစည်းအဝေး ကျင်းပရန်မရှိလျှင် ပြည်ထောင်စုလွှတ်တော်အထူး အစည်းအဝေးကို ခေါ်ယူကျင်းပစေ၍ အတည်ပြုချက် ရယူရမည်"**လို့ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအချိန်ကာလ သတ်မှတ်ချက်အတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မှသာ ဆက်စပ်မှုရှိပြီး လိုက်လျောညီထွေဖြစ်မှာ ဖြစ်ပါတယ်။

အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာတဲ့နေ့မှ ရက်ပေါင်း မည်မျှ အတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမယ်လို့ သတ်မှတ်ရန်လိုသလို



**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ ဧရာဝတီတိုင်းမှ ဦး ခင် မောင် ရီ တိုင်း ရင်း သား လူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို လိုအပ်သောကာလအထိ ဆက်လက်အတည်ဖြစ်စေနိုင်

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတစ်နိုင်ငံတွင် ဒေသအချို့၌သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ သော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိပါးမယ့်အန္တရာယ်မျိုး ကြုံတွေ့ခြင်းကြောင့်ဖြစ်စေ၊ တိုင်းတစ်ပါးမှ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေး အခြေအနေ ဆိုးဝါးစွာ ယိုယွင်းပျက်စီးလာခြင်းကြောင့်ဖြစ်စေ၊ လေဘေး၊ ရေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်ဖြစ်စေ အရေးပေါ်အခြေအနေ ပေါ်ပေါက်တတ်ပါတယ်။ အဲဒီလို အရေးပေါ်အခြေအနေ ပေါ်ပေါက်ခြင်းကြောင့် နိုင်ငံတော်ရဲ့ ပျက်စီးယိုယွင်းနေတဲ့ အခြေအနေများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အပ်နှင်းထားတဲ့ နိုင်ငံတော် အကြီးအကဲက အရေးပေါ်အခြေအနေကြေညာပြီး လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများပြုဖို့ လိုအပ်ပါတယ်။

အရေးပေါ်အခြေအနေကြေညာခြင်းနဲ့ စပ်လျဉ်းပြီး မိမိတို့နိုင်ငံအနေနဲ့လည်း မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေ ဖြစ်စေမယ့် စည်းကမ်းချက်တွေကို အရေးပေါ် အခြေအနေကြေညာတဲ့အခါ ထည့်သွင်းသတ်မှတ်ထားဖို့ လိုပါတယ်။ နိုင်ငံတော် သမ္မတဟာ အရေးပေါ်အခြေအနေမကြေညာမီ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီးမှ ကြေညာသင့်တယ်ဆိုတဲ့ အချက်ကိုလဲ အသေးစိတ်အခြေခံ ရမည့်မူတစ်ရပ်အဖြစ် ထည့်သွင်းချမှတ်သင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး အုပ်ချုပ်ရေး လုပ်ငန်းများ ပုံမှန်အနေအထား ဖြစ်လာအောင် တရားဥပဒေစိုးမိုး၍ ရပ်ရွာအေးချမ်းသာယာပြီး တည်ငြိမ်မှုရအောင် သက်ဆိုင်ရာနယ်မြေ ဒေသအလိုက် သင့်လျော်တဲ့ ပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ်ရပ်ဖွဲ့စည်းလို့ဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အဲဒီလုပ်ပိုင်ခွင့်တွေ အပ်နှင်းဆောင်ရွက်စေရမှာဖြစ်ပါတယ်။

အကယ်၍ ဥပဒေပြုခွင့် အာဏာကိုပါ ရယူသုံးစွဲဖို့ လိုအပ်ကောင်းလိုအပ်လာပါက အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများနဲ့ သက်ဆိုင်တဲ့ ဥပဒေပြုခွင့် အာဏာကိုသာ သုံးစွဲခွင့်ပြုသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းတဲ့အခါ ကောင်စီဝင်အားလုံး စုံညီစွာမတက်ရောက်နိုင်ခဲ့လျှင် နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးတို့နဲ့ တိုင်ပင်ညှိနှိုင်း၍ အရေးပေါ်အခြေအနေကို ကြေညာပြီး ယင်းဆောင်ရွက်ချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက်ရယူသင့်ပါတယ်။

နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပေမယ့် လုပ်ငန်းဆောင်ရွက်မှုတွေဟာ ထိရောက်မှုမရှိဖြစ်နေမယ်ဆိုရင် စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်ဆောင်ရွက်နိုင်ဖို့ အသေးစိတ် အခြေခံရမယ့်မူတစ်ရပ် ချမှတ်သင့်ပါတယ်။ အဲဒီ စစ်အုပ်ချုပ်ရေး အမိန့်ထဲမှာ စစ်အုပ်ချုပ်ရေး အာဏာပိုင်ရဲ့ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေ၊ တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကိုလဲ တစ်ပါတည်း သတ်မှတ်ပေးဖို့လိုပါတယ်။

နိုင်ငံတော်သမ္မတဟာ အရေးပေါ် အခြေအနေကြေညာရာတွင်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်တဲ့အခါဖြစ်စေ မိမိအားအပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်မှာ ပါတဲ့အတိုင်း ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်(Ordinance)ဖြင့် ကြေညာ အချိန်ကာလ ဘယ်လောက်ကုန်ဆုံးရင် အာဏာတည်ခြင်းမှ ရုပ်စဲကြောင်း ပြဋ္ဌာန်းဖို့လည်း လိုပါတယ်။

ဒီအချက်နဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းလို့ ချမှတ်ခဲ့ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၁ (ဂ)တွင် "ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရုပ်စဲရမည်" ဟုလည်းကောင်း၊ အပိုဒ် ၁၁ (ဃ)တွင် **"နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သောကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"** ဟုလည်းကောင်း ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတက ထုတ်ပြန်တဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်အာဏာတည်ခြင်း၊ ကုန်ဆုံးခြင်း၊ ရုပ်စဲခြင်းတို့နဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်ရန်သင့်ပါတယ်။

နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဆုံးရှုံးရုံသာမက လွတ်လပ်ရေးပါ ဆုံးရှုံးမယ့် အခြေအနေမျိုး ပေါ်ပေါက်လာရင် နိုင်ငံတော်သမ္မတဟာ အချိန်မီ အရေးပေါ်အခြေအနေ ကြေညာနိုင်ဖို့လိုပါတယ်။ ဒီလိုကြေညာရာမှာ နိုင်ငံတော် သမ္မတက မိမိတစ်ဦးတည်းရဲ့သဘောနဲ့ လုပ်ဆောင်မှုပြုတာထက် နိုင်ငံတော် ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေမှာ နိုင်ငံတော်သမ္မတကို အကြံဉာဏ်ပေး အထောက်အကူပြုစေဖို့ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီနဲ့ ကြိုတင်ညှိနှိုင်း သဘောတူညီချက်ရယူပြီးမှ ဆောင်ရွက်သင့်ပါတယ်။ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်နဲ့ လည်းထုတ်ပြန်ဖို့လိုမှာ ဖြစ်ပါတယ်။ အဲဒီအမိန့်တွင် အကျိုးသက်ရောက်တဲ့ နယ်မြေဒေသနဲ့ အချိန်ကာလ သတ်မှတ်ချက်ဟာ မည်သည့်အချိန်ကာလအထိ ဖြစ်ကြောင်းလည်း ထည့်သွင်းသတ်မှတ်ဖို့ လိုမှာ ဖြစ်ပါတယ်။

ဒါကြောင့် အချုပ်အခြာအာဏာလက်လွတ် ဆုံးရှုံးတော့မယ့် အခြေအနေမျိုး ပေါ်ပေါက်ရင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာဖို့နဲ့ စပ်လျဉ်းပြီး–

**"အချိန်ကာလ သတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိ ဖြစ်ကြောင်း"** အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးစေမယ့် အခြေအနေကို ကာကွယ်နိုင်ဖို့အတွက် ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ထုတ်ပြန်ပြီး အရေးပေါ် အခြေအနေကြေညာတဲ့နေရာမှာ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုတွေ လုပ်နိုင်ဖို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ် ဆောင်ရွက်စေသင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာလွှဲပြောင်းဆောင်ရွက်စေတဲ့နေ့ကစပြီး မူလကယင်းအာဏာတွေကို ခွဲဝေသုံးစွဲဆောင်ရွက်ခဲ့ကြတဲ့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဝင်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များရဲ့ လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေဟာ အလိုအလျောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်တဲ့နေ့ကစပြီး အထက်မှာဖော်ပြခဲ့တဲ့ အဆင့်ဆင့်သော အဖွဲ့အစည်းများအား တာဝန်မှရုပ်စဲပြီး ဖြစ်တယ်ဆိုတဲ့ အချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်သင့်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများကိုတော့ တာဝန်မှ ရုပ်စဲခြင်း မပြုဘဲဆက်လက်၍ ရှိမြဲအတိုင်း ရှိနေသင့်ပါတယ်။

နိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်သမ္မတဟာ နိုင်ငံ တော်ရဲ့အာဏာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လွှဲပြောင်းပေးသည့် အခါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလဲ လိုအပ်တဲ့ ဥပဒေတွေကို ပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။ ထိုအချိန်ကာလအတောအတွင်း လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ရပ်ဆိုင်းထားသင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်သမ္မတက ၎င်းအား လွှဲအပ်ထားတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးဆောင်ရွက်ရာမှာ မိမိကိုယ်တိုင်ကျင့်သုံးခွင့်ရှိသင့်သလို မိမိကိုယ်စားကျင့်သုံးဆောင်ရွက်နိုင်စေဖို့ ၎င်းအနေနဲ့ သင့်လျော်မယ်လို့ယူဆတဲ့ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်ဖို့လဲအသေးစိတ် အခြေခံရမယ့်မူအဖြစ် ထည့်သွင်းချမှတ်ပေးသင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှု မရှိအောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်လို့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးများကို အတိုင်းအတာတစ်ခုအထိ လိုအပ်ရင်လိုအပ်သလို ကန့်သတ်ခွင့်၊ ရပ်ဆိုင်းခွင့်ရှိရမှာ ဖြစ်ပါတယ်။ ဒီအချက်ကိုလဲ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ထည့်သွင်းချမှတ် သင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ နိုင်ငံတော်အာဏာကို ကျင့်သုံး ဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ သတ်မှတ်ထားတဲ့ ကာလအတွင်း ပြီးမြောက်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အကယ်၍ သတ်မှတ်ကာလ အတွင်း ပြီးမြောက်အောင်ဆောင်ရွက်ခြင်းမပြုနိုင်တဲ့ အကြောင်းအကျိုးခိုင်လုံစွာ ရှိနေရင်လည်း အချိန်ကာလထပ်မံတိုးမြှင့် ဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။ ဒီလိုအချိန်ကာလ တိုးမြှင့်သတ်မှတ်ပေးရာမှာ နိုင်ငံတော်သမ္မတက အရေးပေါ် အခြေအနေကြေညာတဲ့ကိစ္စမှာလို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ သီးခြား အစီရင်ခံတင်ပြမှသာ လျော်ကန်သင့်မြတ်မယ်လို့ ယူဆပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော် အာဏာလွှဲအပ် ဆောင်ရွက်စေပြီးတဲ့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် အနေနဲ့ တာဝန်တွေကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးရင် အဲဒီလို ဆောင်ရွက်ပြီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံဖို့လိုသလို နိုင်ငံတော် သမ္မတကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိရင် မိမိထုတ်ပြန်ခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက် စေခဲ့တဲ့အမိန့်ကို ပယ်ဖျက်ဖို့လည်း လိုမှာဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာတဲ့ ကာလဟာ ပြည်ထောင်စုလွှတ်တော် သက်တမ်းမကုန်ဆုံးသေးမီ ဖြစ်နိုင်သလို ပြည်ထောင်စုလွှတ်တော် သက်တမ်း ကုန်ဆုံးပြီးမှလည်း ဖြစ်နိုင်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကိုပယ်ဖျက်ခြင်းနဲ့ စပ်လျဉ်း ပြီး အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိအားပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ပြီးစီးကြောင်း နိုင်ငံတော်သမ္မတထံ အစီရင်ခံ လာတဲ့အခါ နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာလွှတ်တော်သက်တမ်း မကုန်ဆုံး သေးပါက လွှတ်တော်အားလုံးနဲ့ ဦးစီးအဖွဲ့များရဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်း များအား ယာယီရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ပြီး ယင်းတို့၏ မူလတာဝန်ဖြစ်တဲ့ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ပြန်လည်ဆောင်ရွက်စေ သင့်ပါတယ်။ လွှတ်တော် သက်တမ်းကုန်ဆုံးသွားသော်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် အချုပ်အခြာအာဏာသုံးရပ်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ ကိုင်တွယ် ကျင့်သုံးပေးနေမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်ကို ထိန်းသိမ်း စောင့်ရှောက်ပေးဖို့နဲ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကို လိုအပ်တဲ့အကူအညီ များ ပေးဖို့တာဝန်ပေးအပ်သင့်ပါတယ်။ လွှတ်တော်သက်တမ်းများ ကုန်ဆုံးစေ ကာမူ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတအသစ်နဲ့ဒုတိယသမ္မတအသစ်များ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အသစ်များကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိနေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟာ မိမိအားပေးအပ်ထားတဲ့ တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက်တင်ပြလာပါက သာမန်အားဖြင့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

6-12 (06) 1 12/5/06, 11:27 PM

# အရေးပေါ်အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်

စာမျက်နှာ ၆ မှ

တစ်ကြိမ်လျှင် ခြောက်လအထိစီ၊ နှစ်ကြိမ်အထိ နိုင်ငံတော်သမ္မတက တိုးမြှင့်ပေးနိုင်တဲ့ အခွင့်အာဏာရှိသင့်ပါတယ်။ အဲဒီလိုတိုးမြှင့်ပေးတဲ့ ကိစ္စကို ပြည်ထောင်စုလွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးသွားပြီးရင်တော့ သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးခြင်းကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီက ခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားတဲ့တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း အစီရင်ခံစာကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တင်ပြလာတဲ့အခါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော် အာဏာလွှဲအပ် ဆောင်ရွက်စေခဲ့သည့်အမိန့်ကို ပယ်ဖျက်ကြောင်း ကြေညာဖို့ အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ထားသင့်ပါတယ်။

နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ထားသည့်အမိန့်ကို ပယ်ဖျက်ပြီးတဲ့နောက် အဲဒီအမိန့်ကို ပယ်ဖျက်လိုက်တဲ့နေ့ကစပြီး သတ်မှတ်တဲ့ကာလအတွင်းမှာ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမှာဖြစ်ပါတယ်။ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်သမ္မတအသစ်ကိုပါ ရွေးချယ်တင်မြှောက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတအသစ်ကို ရွေးချယ်တင်မြှောက်ခြင်း မပြုရသေးမီကြားကာလအတွင်းမှာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက နိုင်ငံတော်ကို ကြီးကြပ်ဦးဆောင်သွားနိုင်မှသာ အဲဒီကြားကာလအတွင်းမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီကြားကာလအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအဆင့်ဆင့်တို့တွင် သင့်လျော်တဲ့အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေသင့်ပါတယ်။ ဒီနေရာမှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် ညီညွတ်သည့်သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် တာဝန်ပေးအပ်သင့်ပါတယ်။

အဲဒီနောက်မှာတော့ ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ အသစ် ဖွဲ့စည်းဖို့ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရမှာ ဖြစ်ပါတယ်။ အချိန်ကာလ သတ်မှတ်ရာမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်တဲ့အမိန့်ကို ပယ်ဖျက်ပြီးနေ့ကစပြီး (၆)လကာလ သတ်မှတ်သင့်ပါတယ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းများဟာ ရွေးကောက်ပွဲများ ကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီဖွဲ့စည်းသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေရန် သတ်မှတ်ပေးသင့်ပါတယ်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတော်သမ္မတက ဦးဆောင်ပြီး နိုင်ငံတော်ရဲ့ အာဏာများကို ယာယီကျင့်သုံးနေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ကျင့်သုံးတဲ့အခါမှာ နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးခြင်းသာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်နဲ့ ပတ်သက်ပြီး အသေးစိတ်အခြေခံရမယ့် မူချမှတ်ရန်သင့်ပါတယ်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကလဲ နိုင်ငံတော်အာဏာများကို ယာယီကျင့်သုံးနေစဉ်ကာလအတွင်း စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းအပါအဝင် အဖွဲ့အစည်းများနဲ့ စစ်ဘက်နှင့်နယ်ဘက်ဆိုင်ရာ ဝန်ထမ်းတွေဟာ ပေးအပ်တဲ့ တာဝန်များကို ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။ ဖော်ပြပါ ကာလများအတွင်း ၎င်းတို့ရဲ့ ဆောင်ရွက်ချက်များအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အကာအကွယ်ပေးထားဖို့လိုမှာ ဖြစ်ပါတယ်။ ၎င်းတို့ရဲ တရားဝင် ဆောင်ရွက်ချက်များဟာ အတည်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့် မူတစ်ရပ်ချမှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းနဲ့စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့်မူများကို အောက်ပါအတိုင်း စုစည်းတင်ပြထားတာကို တွေ့ရှိရပါတယ်။

၁။ **တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်နိုင်စွမ်းမရှိကြောင်းသိရှိလျှင် နိုင်ငံတော် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ် အခြေအနေ ကြေညာနိုင်သည်။**

၂။ **အပိုဒ် ၁ အရ အရေးပေါ်အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

**(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်၊**

(ခ) ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ **စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက်** အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေပြုခွင့် အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်၊ သို့ရာတွင် ဥပဒေပြုခွင့် အာဏာကိုမူ မည်သည့် အဖွဲ့အစည်း သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမျှ အပ်နှင်း ဆောင်ရွက်စေခြင်းမပြုရ။

၃။ (က) တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ် တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ တစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင် **အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင်ဖြစ်စေ ယင်းတို့၏ တစ်စိတ်** တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ် အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန်လုံလောက် သော အကြောင်းရှိကြောင်း သိရှိလျှင် နိုင်ငံတော်သမ္မတသည် **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး** ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။

(ခ) အထက်အပိုဒ် (က) အရနိုင်ငံတော်သမ္မတသည် အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနဲ့ ညှိနှိုင်းရာတွင် အဖွဲ့ဝင် များ စုံညီစွာ တက်ရောက်နိုင်ခြင်း မရှိပါက အဖွဲ့ဝင်များ ဖြစ်သော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ **တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန** ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့် ညှိနှိုင်းပြီး အရေးပေါ် အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင် သည်။ ယင်းသို့ ထုတ်ပြန်ကြေညာချက်ကို အမျိုးသား **ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက်ရယူရမည်။**

၄။ အပိုဒ် ၃ အရ အရေးပေါ်အခြေအနေ ကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–

(က) အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း များ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်း **အဖွဲ့ အစည်းများ၊ ယင်းအဖွဲ့ အစည်းဝင်များက တည်ဆဲ** ဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှု ရှိစေရန် တပ်မတော်၏ အကူအညီကို ရယူဆောင်ရွက် နိုင်သည်၊

(ခ) လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန်နိုင် **သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ် ဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များ** ကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရ မည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင် ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း **သို့မဟုတ် သင့်လျော်သည့်စစ်ဘက် အာဏာပိုင် တစ်ဦးဦးကို** ကျင့်သုံး ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

၅။ နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ–

(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက် **သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြ** ရမည်။

(ခ) လိုအပ်ပါက အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း နေထိုင်ကြသောနိုင်ငံသားများ၏ မူလ အခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ **လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်။**

၆။ နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ်၁နှင့် ၂အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း၊ အပိုဒ် **၃နှင့် ၄ အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း အမိန့်** ထုတ်ပြန်သည့်နေ့မှ–

(က) ရက်ပေါင်း(၆၀)အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ် တော် အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) ရက်ပေါင်း(၆၀)အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန် အစည်းအဝေး ကျင်းပရန်မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၇။ **အပိုဒ် ၆ အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စု** လွှတ်တော်အစည်းအဝေးက–

(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့်နေ့ရက်နှင့် အချိန်ကာလကုန်ဆုံးသည် အထိ အာဏာတည်ရမည်။

(ခ) အတည်ပြုသည့်အပြင် အချိန်ကာလ ထပ်မံတိုးမြှင့်သတ်မှတ် လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့် သတ်မှတ်သည့် နေ့ရက်နှင့်အချိန်ကာလ ကုန်ဆုံးသည်အထိ အာဏာတည်ရမည်။

(ဂ) အတည်မပြုလျှင် အတည်မပြုသည့်နေ့ရက်နှင့် အချိန်ကာလ က စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၈။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်း ဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်း **သား စည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာ** အာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက် လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သော အကြောင်းတွေ့ရှိ လျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့် **ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။** ယင်း အမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေ ဒေသသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလ သတ်မှတ် ချက်သည် အမိန့် ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်။

၉။ (က) အပိုဒ် ၈ အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ် တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အတွင်း မူလအခြေ အနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများပြုနိုင်ရန် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာ ရမည်။ ယင်းသို့ ကြေညာသည့်နေ့မှစ၍ လွှတ်တော်အားလုံး နှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ ယင်းလွှတ်တော်များ၏ သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များ သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူ ရမည်။

(ခ) ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ **အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်နေ့ရက်မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတများမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ သက်ဆိုင်ရာ လွှတ်တော်များ၏ သဘောတူညီချက်** ဖြင့် ခန့်အပ်တာဝန်ပေးထားသော အဖွဲ့အစည်းဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များအား တာဝန်မှ ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

၁၀။ **နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေး** ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ဥပဒေပြုရေးအာဏာကို မိမိကိုယ်တိုင် ဖြစ်စေ၊ မိမိကိုယ်တိုင်ပါဝင်သည့်အဖွဲ့အစည်းတစ်ရပ် ဖွဲ့စည်း၍ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည်။ အုပ်ချုပ်ရေး **အာဏာနှင့် တရားစီရင်ရေးအာဏာများကို သင့်လျော်သည့် အဖွဲ့ အစည်း တစ်ရပ်ရပ်ကို ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ် ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်စေနိုင်သည်။**

၁၁။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေ ကြေညာထားစဉ်ကာလအတွင်း လိုအပ်သည့် နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ် **ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ်** ရပ်ဆိုင်းနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည်–

(က) အပိုဒ် ၈နှင့် ၉ အရ အရေးပေါ် အခြေအနေ ကြေညာ၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် **ပုံမှန်အစည်းအဝေး ကျင်းပချိန်ဖြစ်လျှင် ယင်းအစည်းအဝေးသို့** ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ ချိန် မဟုတ်လျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်း အဝေး ခေါ်ယူစေ၍ဖြစ်စေ အစီရင်ခံတင်ပြရမည်။

(ခ) တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထား သည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင် **သေးသဖြင့်သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုး** အကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့ တိုးမြှင့် ပေးသည့်ကိစ္စကို ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်။

၁၃။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင် **ဆောင်ရွက်ပြီးစီးကြောင်း တင်ပြလာသည့်အခါ ပြည်ထောင်စု** လွှတ်တော်သက်တမ်း မကုန်ဆုံးသေးပါက ပြည်ထောင်စုလွှတ်တော်

စာမျက်နှာ ၈ ကော်လံ ၁ သို့

# အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်း မပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်

စာမျက်နှာ ၇ မှ

အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြပြီးသည့်နေ့မှစ၍ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးပြီးဖြစ်ပါက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ တင်ပြချက်လက်ခံရရှိသည့်နေ့မှစ၍ ဖြစ်စေအပိုဒ်၉အရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက် စေခဲ့သည့် အမိန့်ကိုပယ်ဖျက်ကြောင်းကြေညာရမည်။

၁၄။ နိုင်ငံတော်သမ္မတသည် အပိုဒ် ၁၃အရ တပ်မတော် ကာကွယ်ရေး **ဦးစီးချုပ်ထံမှ အစီရင်ခံစာကိုရရှိသည့်အခါ ပြည်ထောင်စု** လွှတ်တော် သက်တမ်း မကုန်ဆုံးသေးပါက လွှတ်တော်အားလုံးနှင့် **ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများအား ယာယီ** ရပ်ဆိုင်းထားခြင်းကို ပယ်ဖျက်ရမည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းအသစ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ယင်းအဖွဲ့အစည်းများသည် ကျန်ရှိသော လွှတ်တော် **သက်တမ်း အတွက်သာ တာဝန်ထမ်းဆောင်ရမည်။**

၁၅။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတ အသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကို လည်း **ကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်** ရှိသည်။

၁၆။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ် **အချိန်ကာလတိုးမြှင့်ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြ** လာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။

၁၇။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော် သမ္မတက အပိုဒ်၈နှင့် ၉အရ အရေးပေါ်အခြေအနေကြေညာ၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသည့်ကိစ္စနှင့် စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေး **ဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ပြီးမြောက်အောင်** ဆောင်ရွက်ပြီးကြောင်း တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့် အခါ အပိုဒ်၉အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော် အာဏာကို လွှဲအပ်ဆောင်ရွက်စေခဲ့သည့် အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာရမည်။

၁၈။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည်–**

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းခြင်း မပြုနိုင်သေးမီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို ကျင့်သုံးဆောင်ရွက်သည်၊

(ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးပြည်ထောင်စု အဆင့် အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းပြီးသည့် အချိန်ထိ နိုင်ငံတော်အာဏာများကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ကျင့်သုံး ဆောင်ရွက်ရာတွင် ဥပဒေပြုရေး အာဏာကို ကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ရမည်။ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာများကို ပြည်ထောင်စု အဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်နှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု အဆင့်များအတွက် **သင့်လျော်သည့် အဖွဲ့အစည်းများ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော် သည့် ပုဂ္ဂိုလ် တစ်ဦးဦးအားဖြစ်စေ လွှဲအပ်ကျင့်သုံး ဆောင်ရွက်** စေနိုင်သည်။

၁၉။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသောသက်ဆိုင်ရာ အရည် အချင်းနှင့် ညီညွတ်သည့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်** ရမည်။

၂၀။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အပိုဒ် ၁၇ အရ **အမိန့်ကိုပယ်ဖျက်ကြောင်း ကြေညာသည့်နေ့မှစ၍ ခြောက်လ အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ** အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရမည်။

၂၁။ **အပိုဒ် ၁၉အရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် အထွေထွေ ရွေးကောက်ပွဲများကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်း** သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီးသည်အထိ မိမိတို့၏လုပ်ငန်း တာဝန် များကို ဆက်လက်ဆောင်ရွက်ရမည်။

၂၂။ **အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်** အာဏာများကို ကျင့်သုံးရာတွင် နိုင်ငံတော်သမ္မတအမည်ဖြင့် ဖော်ပြ ဆောင်ရွက်ရမည်။

၂၃။ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာထားစဉ် ကာလ အတွင်းတွင် နိုင်ငံတော်သမ္မတကိုယ်စားဖြစ်စေ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်းဖြစ်စေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီက နိုင်ငံတော်အာဏာကို ကျင့်သုံးနေသည့် ကာလအတွင်း ဖြစ်စေ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ အမြန်ပြန်လည် ရောက်ရှိစေခြင်းငှာ လိုအပ်သည့် အရေးယူဆောင်ရွက်မှုပြုနိုင်ရန် လုပ်ပိုင်ခွင့်နှင့် တာဝန်များပေးအပ်ခြင်းခံရသည့် အာဏာပိုင် အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင်တစ်ဦးဦး၊ နယ်ဘက် ဝန်ထမ်း အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့ အစည်းဝင်တစ်ဦးဦး၊ စစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်၊ ယင်းအဖွဲ့အစည်းဝင် တစ်ဦးဦး၏ တရားဝင်ဆောင်ရွက် ချက်များသည် အတည်ဖြစ်စေ ရမည်။ ယင်းတရားဝင် ဆောင်ရွက်ချက်များအပေါ် အကြောင်း ပြုလျက် တရားစွဲဆိုခွင့် မရှိစေရ။

စသည်တို့ ဖြစ်ပါတယ်။ အထက်ပါအချက်(၂၃)ချက်ကို အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံမူများအဖြစ် ချမှတ်သင့် ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များ အခန်းအပိုဒ်၁၂(ခ)တွင်**"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလတိုးမြှင့်ပေးရန် အကျိုး အကြောင်းဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့်တစ်ကြိမ်လျှင် ခြောက်လ အထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။ ယင်းသို့တိုးမြှင့် ပေးသည့်ကိစ္စကို ပြည်ထောင်စု လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူစေ၍ အစီရင်ခံတင်ပြရမည်"**ဟု ဖော်ပြထားပါသည်။

၎င်းအချက်မှာ လွှတ်တော်သက်တမ်းကာလအတွင်း အချိန်တိုးမြှင့်ပေးခြင်း ကိစ္စအတွက် ဖော်ပြထားခြင်းဖြစ်သည်ဟု သဘောရရှိပါသည်။

ယင်းအခန်း အပိုဒ်၁၆တွင် **"အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့် တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့် တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။"**ဟု ဖော်ပြထားပါသည်။

၎င်းအချက်မှာ လွှတ်တော်သက်တမ်းကုန်ဆုံးပြီးနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၎င်းအား ပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက် အောင် ဆောင်ရွက်ခြင်းမပြုနိုင်သေး၍ သတ်မှတ် အချိန်ကာလကို ထပ်မံတိုးမြှင့် ပေးရန် အကျိုးအကြောင်းဖော်ပြလျက် တင်ပြလာပါက **"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ"**က ခွင့်ပြုပေးခြင်းဖြစ်သည်ဟု သဘောရရှိပါသည်။

သို့ဖြစ်ရာ အပိုဒ် ၁၆၌ **"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ" သည် ဆိုသော စကားရပ်နောက်တွင် "ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန် ဆုံးသွားချိန်တွင်"**ဟူသော စကားရပ်ကို ထည့်သွင်းပါက သင့်လျော်မည်ဖြစ် ကြောင်း သဘောရရှိပါသည်။

သို့ပါ၍ အပိုဒ် ၁၆ ကို **"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးသွားချိန်တွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ၎င်းအားပေးအပ်ထားသည့်တာဝန်ကို ပြီးမြောက်အောင်ဆောင်ရွက်ခြင်း မပြုနိုင်သေးသဖြင့် သတ်မှတ်အချိန်ကာလ တိုးမြှင့်ပေးရန် အကျိုးအကြောင်း ဖော်ပြလျက် တင်ပြလာပါက သာမန်အားဖြင့်တစ်ကြိမ်လျှင် ခြောက်လအထိ နှစ်ကြိမ်တိုးမြှင့်ပေးနိုင်သည်။"**ဟု အသေးစိတ် အခြေခံရမယ့်မူအဖြစ် ထည့်သွင်း ချမှတ်သင့်ကြောင်း အကြံပြု တင်ပြအပ်ပါသည်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့သည် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းခဲ့သည့် ရွေးကောက်တင်မြှောက် ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြခဲ့ပါတယ်။

ထို့အပြင် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း အတွက် သီးခြားအကြံပြုချက် နှစ်ချက်ကိုလည်း တင်ပြထားရှိပါတယ်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအဖွဲ့သည် ခေတ်မီဖွံ့ဖြိုးတိုးတက် သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်လာနိုင်စေရန် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလျက် နိဂုံးချုပ်အပ်ပါသည်။ ။

## စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၄)၊ အမှတ်(၁) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၅**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၄) အမှတ်(၁)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)** အဆိုပါဂျာနယ်တွင် သာဂဒိုး၏ "ရောဂါဘယများ တန်းစီလို့ နေသလား"၊ နီငြိမ်း(အညာ တက္ကသိုလ်)ရဲ့ "ကျေးလက်ရိုးရာသရော်စာ"၊ တက္ကသိုလ်ဇော်ထူးဦးရဲ့ "ရေနစ်သူကို ဘယ်လိုကယ်ကြမလဲ"၊ ဒေါက်တာစုစုကြည်ရဲ့ "အကျိုးပြုအဏုဇီဝပိုး"အစရှိသည့် သုတ ရသဆောင်းပါးများအပြင် မေသန္တာဝင်း စူးစမ်းဖော်ပြထားသည့် "စီးပွားဖြစ် မှိုစိုက်ပျိုးလိုသူတွေ နည်းစနစ်မှန်အောင် ဘယ်လို စိုက်ပျိုးမွေးမြူကြမလဲ" သတင်းဆောင်းပါး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်လာရင် ယှဉ်ပြိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်၊ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်တဲ့ မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေ၊ ယင်းနှင့်ပတ်သက်သည့် ကင်းလွတ်ခွင့်များ၊ မြန်မာ့ကလေးသူငယ်တို့ ကျန်းမာရေး ကာကွယ်စောင့်ရှောက်မှုအတွက် ဂျပန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၆သိန်းခွဲပေးလှူမည့်သတင်း၊ သီလဝါစက်မှုဇုန်နှင့် ရတနာပုံ ဆီလီ




ကွန်ဗယ်လီတွင် မြေများငှားရမ်းမည့် သတင်း၊ သကြားထက် အဆ ၂၀၀မှ ၃၀၀အထိ ချိုပေမယ့် ဆီးချိုသမားအတွက် အန္တရာယ်မပြုတဲ့ ဆေးသကြားပင် Stevia မိတ်ဆက်၊ တီကောင် ၁၀၀၀ ကို သုံးလမွေးကြည့်ပါ ထူးခြားစွာ အကျိုးဖြစ်ထွန်းလာမည့် သတင်းများနှင့်အတူ ပီလောပီနံကော်မူနီ တစ်တန်လျှင် ၂၂၅ ဒေါ်လာ ဈေးကောင်းရနေတဲ့ သတင်း၊ မြန်မာနိုင်ငံအဝန်းစက်မှု(၁) ဈေးရောင်းပွဲတော်များကျင်းပသည့် သတင်းများအပါအဝင် သတင်းစာလွတ်လပ်ခွင့်နှင့် အာရပ်ကမ္ဘာ၊ အာဖဂန်နစ္စတန်တွင် မဖြစ်မနေ ဘိန်းပြန်စိုက်ရတော့မည့်အခြေအနေ အစရှိတဲ့ "မောင်မြားရဲ့" မျက်မှောက်ရေးရာ နိုင်ငံတကာသတင်းများ ပါဝင်သည်။

**ဆက်သွယ်နိုင်**

သတင်းနှင့်စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး၊ စိမ်းလဲ့ရွှေပြည်ဂျာနယ် ဖုန်း–၃၈၂၀၇၀ နှင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အလုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ဦးဆောင်၍ အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြား နာတာရှည်ရောဂါ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မည့် ပြည်သူလူထု အခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းများ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးယု အဖွင့်အမှာစကား ပြောကြားစဉ်။** (က–ပ)

## သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

(၂၇)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံနှင့် (၈)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၄ မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

**စာရင်းပေးသွင်းနိုင်**

ညီလာခံတက်ရောက်ကြမည့် သွားဘက်ဆိုင်ရာ ဆရာဝန်များသည် အဆိုပါဟိုတယ်၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အတွင်း နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ စာရင်းပေးသွင်း မှတ်ပုံတင်နိုင်ကြသည်။

ယခုနှစ်တွင် သွားနှင့်ခံတွင်းဘက်ဆိုင်ရာ ဆေးနှင့်ပစ္စည်းကိရိယာပြခန်းများကိုသာ ဝင်ရောက် ကြည့်ရှုလေ့လာလိုသူများအတွက် သီးခြားအစီအစဉ်တစ်ခု ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခါမီ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခါမီ)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရှေ့ပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖိုးလစ်(ခေါ်) ဦးဖိုးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၆ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ မန္တလေးတိုင်း အောင်မြေသာဇံမြို့နယ်မှ ဦးစိုးဝင်းက ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်မှ ဦးဝင်းမြင့်က နိုင်ငံရေးပါတီများအခန်းနှင့် စပ်လျဉ်း၍လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဆက်လက် ဖတ်ကြားတင်ပြကြရာ စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ဦးတင့်နိုင်နှင့် ပဲခူးတိုင်း သာယာဝတီမြို့နယ်မှ ဦးကြည်မြင့်တို့က အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်း၍ အသီးသီး ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀နာရီ ၄၅မိနစ်တွင် ခေတ္တရပ်နားသည်။

## ဆက်လက်ဖတ်ကြား

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဆက်လက်ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါ်ခင်မိမိထွန်းက ရွေးကောက်တင်မြှောက်ခြင်းအခန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားရုံးချုပ်ရှေ့နေ ဦးနန္ဒကျော်စွာက နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

**(အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)**

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသော အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဒီဇင်ဘာ ၅

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းနှင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို သတင်းစာများတွင် ဆက်လက် ဖော်ပြသွားမည်ဖြစ်သည်။** (သတင်းစဉ်)

# တောင်သူယာခုတ်ပြောနည်း

## (စကားကြီး ၁၀ မျိုးမှ)

တောင်သူတို့သည် လယ်ယာစိုက်ပျိုးရန်အတွက် တောင်ယာများ ခုတ်ထွင်ရှင်းလင်းရာတွင် ချုံနွယ်ပိတ်ပေါင်း၊ သစ်ပင်ငယ်တို့ကို ဦးစွာရှင်းလင်းပြီးမှ သစ်ပင်ကြီးများကို ခုတ်လှဲရှင်းလင်းသကဲ့သို့ စကားအရာတွင်လည်း ပထမဦးစွာ တန်ဖိုးနည်းသော စကားငယ်၊ စကားပရိယာယ်များကိုသာလျှင် ပြောကြသည်။ နောက်ဆုံး အဆုံးအဖြတ်ပေးမည့် တန်ဖိုးကြီးစကားများဖြင့် အဆုံးသတ်ပြောကြားခြင်းမျိုးကို **"တောင်သူယာခုတ်ပြောနည်း"**ဟု စကားအရာ ပညာအားဖြင့် ခေါ်ဝေါ်ပါသည်။

ထိုကဲ့သို့ တောင်သူယာခုတ်ပြောနည်းကို ဥပမာအားဖြင့် ထင်ရှားအောင်ပြဆိုရပါမူ မိတ္ထီလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး၏ သိန်းအမတ်အပါအဝင် သုခမိန်ကျော် အမတ်ကြီးလေးပါးနှင့် ဘုရားလောင်း ပညာရှိသုခမိန် မဟော်သဓာအမတ်တို့ စကားစစ်ထိုးကြရာ၌ သိန်းအမတ်ကြီးက ပြောကြားရာတွင် ပညာနှင့်ဥစ္စာ နှစ်ခုအနက် ဥစ္စာပစ္စည်းသာလျှင် အဓိကကျ အရေးကြီးကြောင်း ပြောကြားသောအခါ မဟော်သဓာအမတ်က ပညာသာလျှင် အမြတ်ဆုံးဖြစ်ကြောင်း တင်လျှောက်ခဲ့သည်။

ထိုအခါဝယ် သိန်းအမတ်က မဟော်သဓာသည် ငယ်ရွယ်သူဖြစ်သည့်အတွက် မှန်ရာကို မသိခြင်းသာ ဖြစ်ပါသည်။ အမှန်စင်စစ်မှာ ဥစ္စာရှိမှသာလျှင် လူအများတို့ ခယဝပ်တွားပြီးမှ စကားနာခံသည်ဟု ထပ်မံလျှောက်ထားပါသည်။

သိန်းအမတ်၏ ပြောဆိုစကားကို မဟော်သဓာက ပြန်လည်ချေပလျှောက်ထားခဲ့ရာတွင် အချို့သောလူတို့တွင် ဥစ္စာစနေပေါ်များကြွယ်ဝပါသော်လည်း လောကီ၊ လောကုတ္တရာ ရောဂါဥပဒ်ကပ်ငြိသောအခါတွင် မည်သို့မျှ ကုသရန်တတ်နိုင်စွမ်းမရှိသဖြင့် ပညာရှိအရှေ့သို့သာ အရောက်လာ၍ ဆည်းကပ်မှီခိုကြရသည်ဟု မဟော်သဓာက ဝိဒေဟရာဇ်မင်းကြီးအား ထပ်မံလျှောက်ထားခဲ့ပါသည်။

သိန်းအမတ်သည် မဟော်သဓာ၏စကားရပ်ကို ချေပနိုင်ရန်အတွက် ဘုရင်ကြီးကိုပင် သူ့ဘက်ပါအောင် စည်းရုံးသိမ်းသွင်း ပြောဆိုခြင်းပြုလုပ်ခဲ့သည်မှာ **"မှန်လှပါ အရှင်မင်းကြီးဘုရား၊ အရှင်မင်းကြီးသည် ဥစ္စာရတနာနှင့်ပြည့်စုံပြီး ပြည်ရွာရဋ္ဌအစိုးရဖြစ်နေ၍သာ လူအပေါင်းခညောင်းဝပ်တွား၍ ရိုသေနေကြခြင်းဖြစ်ပါသည်ဘုရား"**ဟု လျှောက်ထားခဲ့ပြန်ရာ ဝိဒေဟရာဇ်မင်းကြီးပင်လျှင် ဇဝေဇဝါဖြစ်ရရှာခဲ့ပါသည်။

သို့သော် ပညာရှိမဟော်သဓာအမတ်တော် နောက်ဆုံးလျှောက်ထားခဲ့သည့်အချက်မှာ ပဏ္ဍိတက ဗုဒ္ဓမြတ်စွာ စိန္တေယျာမှာ ဥစ္စာမရှိ သို့ဖြစ်ဘိလည်း ဉာဏ်ကြီးမြတ်တေ ထွန်းတောက်ဝေ၍ ဒေဝဗြဟ္မာ မနုဿာတို့ ပူဇော်ခယ ကိုးကွယ်ဆည်းကပ်ကြရပါသည်ဘုရား- မြတ်စွာဘုရားသည် ကြီးမားသော သဗ္ဗညုတမှအပ မည်သည့်ဥစ္စာမှ တွယ်တာစုဆောင်းခြင်းမရှိ လူနတ်ဗြဟ္မာတို့၏ ရွှေတောင်ကြီးအလား အားထားရသည်ကို ကြည့်ခြင်းအားဖြင့် ပညာသည်သာလျှင် အမြတ်ဆုံးဟု နောက်ဆုံးလျှောက်ထားခဲ့ရာ သိန်းအမတ်ကြီးအပါအဝင် အမတ်ကြီးလေးပါးစလုံး ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေပြီး အရှုံးပေးလိုက်ကြရပါသည်။

ဤကဲ့သို့ ငယ်ရာမှကြီး နည်းရာမှများ စကားပရိယာယ်ကြွယ်ဝစွာဖြင့် အချက်အလက် ပိုင်ပိုင်နိုင်နိုင်ပြောဆိုခြင်းကို **"တောင်သူယာခုတ် စကားပြောနည်း"**ဟု လောကတွင် ခေါ်စမှတ်ပြုကြပါသည်။

**(သာသနာရေး)**

# ထိုင်းနိုင်ငံ ENT Mobile Team က ဆေးပစ္စည်းများ ရန်ကုန် နား၊နှာခေါင်း၊လည်ချောင်းဆေးရုံသို့ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၅**

ထိုင်းနိုင်ငံ နားရောဂါအထူးကု ဆရာဝန်ကြီး Dr. Soontor Antarasena ခေါင်းဆောင်သော ENT Mobile Team က မြန်မာနိုင်ငံသို့ လာရောက်၍ ပခုက္ကူ အထွေထွေရောဂါကု ဆေးရုံကြီးနှင့် မိတ္ထီလာ အထွေထွေရောဂါကု ဆေးရုံကြီးတို့၌ နားရောဂါ ခွဲစိတ်ကုသမှုလုပ်ငန်းများကို မြန်မာဆရာဝန်များနှင့် ကွင်းဆင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

MR. Prasas Prasasvinitcha (Deputy Chief Of Mission, Royal Thai Embassy) နှင့် Dr. Soontor Antarasena တို့သည် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ကျန်းမာရေးဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ ၁၁၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများကို လှူဒါန်းရာ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကျော်လှမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

**(အောက်ပုံ) (သတင်းစဉ်)**



# မဟာဒုက်ဘုရားပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၅**

သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် (၂၆)ကြိမ်မြောက် မဟာဒုက်ဘုရားပူဇော်ပွဲနှင့် တရားပွဲ ပင့်သံဃာတော်တို့အား စာရေးတံမဲဖြင့် အိမ်စဉ်ဆွမ်းကပ်ပူဇော်ပွဲ အခမ်းအနားတွင် တရားတော်များ ချီးမြှင့်မည်ဖြစ်ရာ ဒီဇင်ဘာ ၁၇ ရက်တွင် ဆရာတော် ဦးအာလောက အာလောကာရာမစာသင်တိုက်၊ ၁၈ရက်၌ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဝိသုဒ္ဓါရုံစာသင်တိုက်၊ ၁၉ရက်တွင် အရှင်ကုန္ဒက (တွံတေး) သီရိမင်္ဂလာ မဟာစည်ရိပ်သာ၊ ၂၀ ရက်၌ ဦးကုန္ဒာစရိယ (မွှေ့စရိယ) ဗောဓိရိပ်ငြိမ်တောရကျောင်း၊ ၂၁ ရက်တွင် အရှင်စန္ဒာသာရကျောင်းကုန်း ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်၊ ၂၄ ရက်၌ အရှင်နာဂိဿရ နန္ဒာရာမစာသင်တိုက်၊ ၂၅ ရက်တွင် ဦးသုန္ဒရ စွန်းလွန်းဂူဝိပဿနာကျောင်းနှင့် ၂၆ ရက်၌ ဒေါက်တာဦးကောဝိဒ မဇ္ဈိမဂုဏ်ရည်ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

# အဂတိလိုက်စားမှုကင်းစင်စွာဖြင့်ဆေးကုမ္ပဏီများနှင့်ဆက်သွယ် ပြည်သူများအတွက်အန္တရာယ်ကင်းဆေးဝါးရရှိရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မင်းနှင့် ညွှန်ကြားရေးမှူး(အစာ/ဆေးဝါး) ဒေါက်တာကျော်လင်းတို့ လိုက်ပါလျက် ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ကလေးဆေးရုံကြီး သွေးရောဂါ၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါအထူးဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်နှင့် ပါမောက္ခများ၊ တာဝန်ရှိသူများက သွေးရောဂါအထူးကု၊ ကင်ဆာရောဂါအထူးကု၊ ကျောက်ကပ်အထူးကုဌာနများကို လိုက်လံရှင်းလင်းပြသကြသည်။**

### ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ သွားရောက်၍ မွေးကင်းစ ကလေးသူငယ် အထူးကြပ်မတ်ကုသဌာနရှိ မွေးကင်းစ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့်အတူ ဒဂုံမြို့နယ် မင်းကျောင်းလမ်းရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးဝါးများကို ပြည်သူများအတွက် မှန်ကန်ထိရောက်၍ အန္တရာယ်ကင်းသော ဆေးဝါးများရရှိရေး၊ ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကင်းစင်၍ မှန်ကန်တိကျမြန်ဆန်အောင် ဆောင်ရွက်ရေး တိုက်တွန်းမှာကြားသည်။

### ညှိနှိုင်းဖြည့်ဆည်းပေး

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဝန်ထမ်းများအား အရည်အချင်းရှိအောင် ကြိုးပမ်းရန် မှာကြားသည်။ ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဌာနဝန်ထမ်းများ၏ လိုအပ်သော တင်ပြချက်များအပေါ် ဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် လသာမြို့နယ် မြို့မကျောင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် ပြုပြင်တည်ဆောက်မှု လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ခန်းမဆောင်၌ ဖုဂျီဆောက်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးတင်ရွှေက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းမြင့်က ပြည်သူ့ကျန်းမာရေးတက္ကသိုလ် စာသင်ဆောင်များ ဖွဲ့စည်းတည်ဆောက်ထားရှိမှုနှင့် ပြုပြင်မွမ်းမံမှု လုပ်ငန်းများ အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ဝန်ကြီးသည် ဒီဇင်ဘာ ၃ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်တို့ လိုက်ပါလျက် စံပြဆေးရုံကြီး(သင်္ဃန်းကျွန်း)သို့ သွားရောက်စစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် စံပြဆေးရုံကြီး(သင်္ဃန်းကျွန်း) အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်ကြီးနှင့် ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများနှင့် တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီးက စံပြဆေးရုံကြီးအနေဖြင့် ပြည်သူလူထုအတွက် ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ ဆေးရုံကြီး၏ လုပ်ငန်းလိုအပ်ချက်နှင့် လျှပ်စစ်မီးသုံး ခေတ်မီဆေးရုံသုံး စက်ကိရိယာအသုံးပြုမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက်ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းညှိနှိုင်းပေးပြီး အမှာစကားပြောကြားသည်။

### ကျန်းမာရေးစောင့်ရှောက်

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆရာဝန်ကြီးများ အနေဖြင့် ကိုယ်ချင်းစာနာစိတ်ဖြင့် ကျင့်ဝတ်ကိုစောင့်ထိန်းရန်၊ ခေါင်းဆောင်ကောင်း တစ်ဦးအနေဖြင့် စီမံခန့်ခွဲတတ်ရန်၊ လူနာများအသက်အန္တရာယ်ကင်းရှင်းအောင် ကုသပေးရန်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက လူနာအား ကောင်းမွန်သော ဆေးကုသမှုဖြင့် ကျန်းမာရေး စောင့်ရှောက်ပေးရန်ကို လည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို အသီးသီးတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ် (၁၄) ထုတ်ဝေဖြန့်ချိ



**ရန်ကုန် ဒီဇင်ဘာ ၅**

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၁၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါ ဂျာနယ်တွင် ချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညို၊ ပြည့်စုံ(သွေးသောက်)၊ မော်ကျွန်းစိုးမြင့်၊ ညွန့်ဟံ(ကြူတော)၊ ကျော်ဇင်ညွန့် (တရားရုံးချုပ်ရှေ့နေ)၊ မြင့်သူရ၊ အောင်ချိန်ဘွား၊ အောင်ကိုကို၊ မောင်မြား၊ စိုးသီဟစိုး၊ သတင်းထောက် ခင်မောင်ညွန့်၊ ခင်သန်းဖြူ၊ သတင်းထောက် ခင်မောင်မြင့်၊ ပြည့်စုံချမ်းသာတို့၏ ဆောင်းပါးများအပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဝမ်ဟုန်ဒေသ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူမှု တိုးတက်၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆောက်အအုံ တိုးချဲ့တည်ဆောက်မှု ၉၄ ဒသမ ၆၇ ရာခိုင်နှုန်းပြီးစီး၊ ငမိုးရိပ်တံတား(ကမာကြည်) ၉၀ ရာခိုင်နှုန်း ပြီးစီး၊ ငါး၊ ပုစွန်လုပ်ငန်း စီးပွားရေးကွန်ရက်များ ချိတ်ဆက်လုပ်ရှား၊ ကျွန်းအပါအဝင် ပုဂ္ဂလိက သစ်စိုက်ခင်း ထူထောင်ရေးအလေးပေး၊ ကမ္ဘာ့ဈေးကွက်တွင် ကြိမ်၊ ဝါးထွက်ပစ္စည်းများ ပိုမိုတင်ပို့ရေးကြိုးပမ်း၊ အာမခံလုပ်ငန်း အမျိုးအစားသစ်များ တိုးချဲ့၊ အကြမ်းဖက်ဝါဒအပေါ် တိုက်ကွက်ပြောင်းလဲပြီဖြစ်ကြောင်း တိုနီဘလဲက ပြောကြား၊ မိမိရဲ့ အဏုမြူလက်နက် ပြန်လည်ဆန်းသစ်မည့် ရုရှားနိုင်ငံ၊ ပြည်သူ့ငွေတွေဖြုန်းတီးသူအဖြစ် တိုနီဘလဲ စွပ်စွဲခံရ စသည့် ပြည်တွင်းပြည်ပ သတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာပါရှိကြောင်း သိရသည်။

သတင်းနှင့်စာမူများ ပေးပို့လိုလျှင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရွှေနိုင်ငံဂျာနယ် ဖုန်း–၃၈၂၀၇၀ နှင့် ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဝိသာခါ သီလရှင်သင်အမျိုးသမီးပညာရေးကျောင်းသို့ ဆန်၊ဆီ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ပညာရေးငွေပဒေသာပင်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၅

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကြီးမှူး၍ ဝိသာခါ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့ ဆန်၊ဆီ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် ပညာရေးငွေပဒေသာပင် အတွက် အလှူငွေများ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၈၁) ရပ်ကွက် ကွမ်းအပ်သာမင်းသားကြီးလမ်းရှိ အဆိုပါစာသင်ကျောင်း၌ ကျင်းပသည်။**

### တက်ရောက်

လှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဌာနကြီးမှူး ဒေါ်မြမြနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာနမှ အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုက ဆန်တစ်အိတ်၊ ဆီတစ်ပုံး၊ ဘာသာရေးစာအုပ်များနှင့် အလှူငွေကျပ် ငါးသောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ငွေကျပ်တစ်သိန်းနှင့် မေမြန်မာဂျာနယ် မျိုးစုံ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးအရာအဖွဲ့ ပြန်ကြားရေးရာဌာနက ငွေကျပ် သုံးသောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်နှစ်သောင်း၊ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့် မိသားစုက ငွေကျပ်သုံးသောင်း၊ ဦးလှမြင့်–ဒေါ်ခင်မာချို မိသားစုနှင့် ဦးနေဝင်း–ဒေါ်အေးအေးသင်း မိသားစုတို့က ငွေကျပ်တစ်သောင်းစီ စုစုပေါင်း ပညာရေးငွေပဒေသာပင် ငွေကျပ် နှစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းအုပ်ချုပ်သူဆရာကြီး ဒေါ်ကိသရထေရီ (သဒ္ဓမ္မဇောတိကဓဇ)နှင့် ဒေါ်ဇေယျာနန္ဒီ(ဓမ္မာစရိယ)တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

### စတင်ဖွင့်လှစ်

အဆိုပါ ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်းကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ တက္ကသိုလ်အဆင့်တစ်ဦး၊ အထက်တန်းနှင့် အလယ်တန်းအဆင့် ၂၂ ဦးနှင့် မူလတန်းအဆင့် ၁၂၇ ဦး စုစုပေါင်း ၁၅၀ နှင့် ပညာသင်ရန် အခက်အခဲရှိသည့် မိဘမဲ့ကလေးများ၊ တောင်တန်းဒေသများမှ ကလေးများနှင့် ဆင်းရဲနွမ်းပါးသော ကလေးများအတွက် ပညာသင်စရိတ်ကို တာဝန်ယူလျက်ရှိပြီး အဆိုပါကျောင်းတွင် မူလတန်းလွန်နှင့် ဗုဒ္ဓစာပေများကို သင်ကြားနေကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဝိသာခါ သီလရှင်သင် အမျိုးသမီးပညာရေးကျောင်းသို့ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေများကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များ ပေးအပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

# အမှတ်(၁) စက်မှုဈေးပွဲတော် ဒီဇင်ဘာ ၁၀ရက်အထိခင်းကျင်းရောင်းချနေ

ရန်ကုန် ဒီဇင်ဘာ ၅

**အမှတ်(၁) စက်မှုဝန်ကြီးဌာနက ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၂ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပနေသော စက်မှု(၁)ဈေးရောင်းပွဲတော်အား ဒီဇင်ဘာ ၁၀ရက်အထိ ထပ်မံတိုးမြှင့် ကျင်းပလျက်ရှိသည်။ အဆိုပါ ဈေးပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများဖြစ်သည့် အဝတ်အထည်၊ ရုပ်အင်္ကျီအမျိုးမျိုး၊ စားသောက်ကုန်၊ အဖျော်ယမကာ အမျိုးမျိုး၊ ဆေးပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စတီးလ်ပစ္စည်းအမျိုးမျိုး၊ လူကြီးစီး စက်ဘီး၊ ကလေးစီးစက်ဘီးပစ္စည်း အမျိုးမျိုးနှင့် အပ်ချုပ်စက်ခေါင်းများ၊ စက္ကူထုတ်ပစ္စည်းနှင့် ကျောင်းသုံးဗလာစာအုပ်များကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား

**၆–၁၂–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၈။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၉။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၆:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၀ ၇။ **"သူငယ်ချင်းမရှိတဲ့ ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ–မောင်ယဉ်ကျော်)
- ၁၇:၂၅ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၃၅ ၉။ မြန်မာမှုပန်းဆယ်မျိုး
- ၁၇:၄၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၄။ Guinness World Records
- ၁၉:၂၀ ၁၅။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
- ၁၉:၃၀ ၁၆။ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးရက်သတ္တပတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင် **"မုန်းပါတယ် မောင့်ကို"** ဝင်းဦး၊ အောင်လွင်၊ မြင့်မြင့်ခင်၊ ချိုပြုံး (ဒါရိုက်တာ–တင်ထွန်းနိုင်)
- ၂၁။ နောက်တစ်နေ့အစီအစဉ်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ် (World AIDS Campaign 2006)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပသည်။**

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဂုဏ်ထူးဆောင်နာယကများ၊ ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဋ္ဌေးနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းနှင့်ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၏ “World AIDS Campaign 2006” ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို အသင်း၏ ရှေ့မျက်နှာစာ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## ကြည့်ရှုလေ့လာ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်မှုကာကွယ်ရေးစီမံချက်ဌာန (PMCT Centre) ကို ကြည့်ရှုလေ့လာကြသည်။

## အမှာစကားပြောကြား

ဆက်လက်၍အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော **“ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှု”** မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ World AIDS Campaign 2006 ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။





## ■ ကျောဖုံးမှ

လည်းကောင်း၊ ပိုဗိုလန်စက်ရုံ၏ လည်ပတ် ကြိတ်ခွဲမှု၊ ကုန်ချောကို BCT ကားများဖြင့် သယ်ယူမှု၊ ထုပ်ပိုးခွန်များဖြင့် ထုပ်ပိုးမှုများကိုလည်းကောင်း လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ရဲရွာရေအားလျှပ်စစ် စီမံကိန်းသည် ကမ္ဘာပေါ်တွင် ထုထည်အားဖြင့် တတိယအကြီးဆုံး၊ တမံအမြင့် အားဖြင့် ပဉ္စမအမြင့်ဆုံးစီမံကိန်းကြီး ဖြစ်သည်။

## ဖတ်ကြားတင်သွင်း

ယခု လာရောက် လေ့လာကြသောအဖွဲ့သည် အင်အား ၂၈ဦး ပါဝင်ပြီး ထိုင်းနိုင်ငံတွင်ပြုလုပ်သည့် အာရှ၏ ရေအရင်းအမြစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်မှုဆိုင်ရာ International Symposium သို့ တက်ရောက်ခဲ့ကြသော ဒိန်းမတ်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ နော်ဝေ၊ နယူးဇီလန်၊ ဗီယက်နမ်၊ ထိုင်း၊ ဘူတန်နှင့် ယူကေနိုင်ငံများမှ ပညာရှင်များ၊ ရေအားလျှပ်စစ် စီမံကိန်းများ တည်ဆောက်နေကြသော အင်ဂျင်နီယာများဖြစ်ကြပြီး ၎င်း Symposium တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာပညာရှင်များက စာတမ်းလေးစောင် ဖတ်ကြားတင်သွင်းခဲ့သည်။ ၎င်းလေ့လာရေးအဖွဲ့ကို Colenco Power Engineering Co.,Ltd. မှ ဒေါက်တာ ဒန်စတင်နှင့် မစ္စတာအိုတေးဂါးတို့ ခေါင်းဆောင်လျက် မြန်မာနိုင်ငံ၏ ကြီးမားသော ရေအားလျှပ်စစ်စီမံကိန်းကြီး၏ တည်ဆောက်မှုများကို လေ့လာကြရန် လာရောက်ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ လာရောက်လေ့လာကြသော နိုင်ငံခြားသားပညာရှင်များ ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်ကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)



# CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်း တစ်နှစ်ပြည့်အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၅

**တူဒေးစာအုပ်တိုက်၏ လစဉ်ထုတ်မဂ္ဂဇင်းဖြစ်သော CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းထုတ်ဝေသော တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ် ဆရာကြီးဦးမြတ်သိန်းက Economic and Social Indicators with Special Reference to Myanmar ခေါင်းစဉ်ဖြင့်ဟောပြောပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ Parkroyal Hotel (Yangon) ၌ ကျင်းပသည်။**

## ဆွေးနွေး

ဟောပြောပွဲတွင် တူဒေးစာအုပ်တိုက် အယ်ဒီတာချုပ် ဒေါက်တာ သာထွန်းဦးက CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းနှင့် သက်ဆိုင်သည်များကိုရှင်းလင်းပြောကြားပြီး ဆရာကြီး ဦးမြတ်သိန်း**(ယာပုံ)**က ဟောပြောရာတွင် မြန်မာနိုင်ငံ၏ GDP (Gross National Product)၊ Inflation ၊ Investment & Savings ၊Financial Indicators နှင့် Social Indicators စသည့် အကြောင်းအရာများကို အခြား အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ဟောပြောဆွေးနွေးခဲ့သည်။



## ပံ့ပိုးကူညီ

ဟောပြောပွဲသို့ စီးပွားရေးလုပ်ငန်းနယ်ပယ် အသီးသီးမှ Managing Director များ၊ CEO များ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီး၌ တက်ရောက်လာသူများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ဟောပြောပွဲကို Beautiful Island Co., Ltd. နှင့် TODAY Publishing House Ltd တို့က ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



ဒီဇင်ဘာ ၅ ရက်က ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၅

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ညနေပိုင်းတွင် ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (National Landmarks Garden) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနမှ ဗိုလ်မှူးဝင်းနိုင်သော်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ ရေ၊ မီး ဆက်သွယ်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။**

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တည်ဆောက်ရာတွင် ကူညီခဲ့သော ကုမ္ပဏီများအား လိုအပ်သည်များကိုမှာကြားပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ညပိုင်းတွင်ဝန်ကြီးသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူဆောင်ရွက်နေသည့် Wood Land ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအခမ်းအနားနှင့် ပထမအကြိမ် ပန်းပြပွဲပြသရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။

### ပျော်ပွဲရွှင်ပွဲ

ပြင်ဦးလွင်မြို့ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အောင်စကြာဆရာတော် တရားချီးမြှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် ဒီဇင်ဘာ ၁၁ရက်၊ ၁၂ရက်၊ ၁၃ရက် ညများတွင် တွံတေးမြို့နယ် တမွတ်ကျေးရွာ၊ ၁၅ရက်ညတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၁၈)ရပ်ကွက်ပုလဲရတနာလမ်း မြို့ဦးကျောင်းရှေ့၊ ၁၆ရက်နှင့် ၁၇ရက်ညများတွင် ပဲခူးမြို့ ဥဿာမြို့သစ် ၅ ရပ်ကွက် ဗထူးလမ်း သဟာပုညကာရီ ဓမ္မာရုံရှေ့၊ ၁၈ရက်ညတွင် ပဲခူးမြို့ ဟံသာဝတီ၂လမ်း၊ ၁၉ရက်ညတွင် စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် ရွှေလောင်းလမ်း ကိုးနဝင်းဘုရား၊ ၂၀ရက်ညတွင် လှိုင်သာယာမြို့နယ် ၅ ရပ်ကွက် ထိပ်မဟာဘောဂလမ်း၊ ၂၁ရက်နှင့် ၂၂ရက် ညများတွင် သာကေတမြို့နယ် ၃ ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယ ဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က–ပ)**



# အသုံးချအဘိဓမ္မာသင်တန်း အင်္ဂလိပ်ဘာသာဖြင့်ပို့ချမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးသည် အဘိဓမ္မာတရားတော်များအား ပြည်တွင်းတွင်သာမက ပြည်ပသို့ပါ ပြန့်ပွားရန် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ ပါမောက္ခချုပ်ဖြစ်သည့် ဆရာတော် ဘဒ္ဒန္တဒေါက်တာ နန္ဒမာလာဘိဝံသသည် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ဧပြီ ၁ ရက်အထိ တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီတွင် အသုံးချအဘိဓမ္မာသင်တန်းကို အင်္ဂလိပ်ဘာသာဖြင့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ရတနာဃရဓမ္မဗိမာန် ၄၉/၅၁ ဗဟန်းလမ်းမကြီး ဗဟန်း ၃ လမ်း ဘတ်စ်ကားမှတ်တိုင်အနီးတွင် သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းသို့ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# မြို့နယ်များ၌မီးလောင်မှုများဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၅**

ဒီဇင်ဘာ ၁ ရက်က စစ်ကိုင်းတိုင်း ပုလဲမြို့နယ်မှ ခြောက်မိုင်ခန့်ကွာဝေးသည့် လော်ကားကြီးကျေးရွာနေ ဦးဝင်းဘိုအိမ်တွင် ဖယောင်းတိုင်မီးမှ ထရံသို့ ကူးစက်မီးလောင်မှုဖြစ်ပွားခဲ့ရာ အရပ်မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်လေးလုံး မီးလောင်ခံရပြီး လူ ၁၈ ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၇၀၀၀၀၀ ဖိုးခန့်ဆုံးရှုံးခဲ့သည်။

### ဆင်ပေါင်ဝဲမြို့နယ်

အလားတူ ဒီဇင်ဘာ ၂ ရက်က မကွေးတိုင်း သရက်ခရိုင်ရေမိုင် ၃၄မိုင်ဝေးသော ဆင်ပေါင်ဝဲမြို့နယ် ကျောက်ဆောင်စမ်းကျေးရွာနေ ဒေါ်သန်းမြင့်၏ အိမ်တွင် မုန့်ဆီကြော် ကြော်ရာမှ ထရံသို့ မီးကူးစက်မီးလောင်မှု ဖြစ်ပွားရာ အိမ် ၁၀လုံး၊ နွားတင်းကုပ်သုံးလုံး မီးလောင်ခံရပြီး လူ ၅၆ ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ် ၉၀၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

### သန်လျင်

ထိုနေ့တွင်ပင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် ကျိုက်ခေါက် ဘုရားလမ်း မြို့ဟောင်းအရှေ့ ရပ်ကွက်အမှတ်(၁၁)နေ ဦးကျော်နိုင်၏အိမ်တွင် ဂက်စ်ဘူး(အသေး)များ အပူချိန်လွန်ကဲရာမှ ပေါက်ကွဲမီးလောင်ရာ အခန်းတစ်ခန်းနှင့်မျက်နှာကြက်များ မီးလောင်ခံရပြီး ငွေကျပ် ၁၅၀၀၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

### မုံရွာမြို့

ထို့အတူ ဒီဇင်ဘာ ၃ ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ စက်မှုဇုန် ရပ်ကွက်နယ်မြေ(၃) မြို့ပတ်လမ်းနေ ဦးကြည်မောင်ပိုင် စိန်ပဒေသာ ချည်ဆွဲစက်ရုံ၌ စက်ရုံလည်ပတ်စဉ် ပင်နီယံသွားနှစ်ခု ထိခတ်၍ မီးပွင့်ထွက်ရာမှ ဂွမ်းဖတ်များမီးလောင်ရာ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် အဆောက်အအုံ အနည်းငယ် မီးလောင်ခံရပြီး ငွေကျပ် ၈၇၅၀၀ ဖိုးခန့် ဆုံးရှုံးခဲ့သည်။

### တွံတေး

ထိုနေ့တွင်ပင် ရန်ကုန်တိုင်း တွံတေးမြို့နယ် ကန်ဘဲ့စုံပြကျေးရွာနေ ဒေါ်အမာ၏ အိမ်တွင် ဖယောင်းတိုင်မီးလဲရာမှ ခြင်ထောင်သို့ ကူးစက်မီးလောင်မှုဖြစ်ပွားခဲ့ရာ ငွေကျပ် ၂၀၀၀ ဖိုးခန့်ဆုံးရှုံး၍ အိမ်ရှင် ဒေါ်အမာ မီးလောင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှင်သာမဏေဗိမာန် တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၅**

ရွှေတိဂုံစေတီတော် အရှေ့ဘက် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်၌ ဒလဓမ္မရိပ်သာမှ ဆရာကြီး ဦးသန်းရွှေ(မဟာသဒ္ဓမ္မဇောတိကဓဇ) က ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေး တရားစခန်းကို ဒီဇင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအတွင်း ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း–၃၈၇၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

# ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များ စုံညီနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း၏ (၁၅)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်း အမှတ် ၄၄ရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်အသစ်များအပါအဝင် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က–ပ)**

# မီးဘေးရှောင် မလောင်ခင်တား



ဒီဇင်ဘာ ၁ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မီးရထားရပ်ကွက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တိုင်းမီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်နှင့်အတူ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းထွန်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တစ်အိမ်တက်ဆင်း မီးဖိုမီးသုံးစွဲမှုကို စစ်ဆေးစဉ်။ (က–ပ)

# အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ် ကျောက်ကြီးမြို့နယ်အတွင်းမှ အပြစ်မဲ့ပြည်သူသုံးဦးသေဆုံး

**နေပြည်တော် ဒီဇင်ဘာ ၅**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူများအပေါ် လက်နက်အားကိုး အနိုင်ကျင့်ဗိုလ်ကျ၍ လူသတ်၊ ဓားပြတိုက်၊ လုယက် စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် (ဂ)ရပ်ကွက် ငစိန်လမ်းနေ ဦးအောင်ရှိန်၏သမီး၊ ဒေါ်ခင်စန်းဝင်း(၄၅)နှစ်နှင့် ဦးအောင်ရှိန်၏ မွေးစားသမီး ဒေါ်ဌေးဌေး(၄၅)နှစ်တို့သည် ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် တုံးကြီးကျေးရွာအုပ်စု သံဘိုကျေးရွာတွင် အလည်အပတ်ရောက်ရှိနေရာမှ ကျောက်ကြီးမှ ရန်ကုန်သို့ မော်တော်ယာဉ်ဖြင့် ပြန်ရန်အတွက် ဒီဇင်ဘာ ၄ ရက် နံနက် ၄ နာရီခန့်က သံဘိုမှ ကျောက်ကြီးသို့ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ခွာလာစဉ် သံဘို–ကျောက်ကြီးလမ်း တစ်နေရာ၌ အကြမ်းဖက်သောင်းကျန်းသူနှစ်ဦးက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဒေါ်ခင်စန်းဝင်းမှာ ဦးခေါင်းသို့ လက်နက်ငယ်ကျည်ထိမှန်၍ နေရာတွင်ပင် သေဆုံးပြီး ဆိုင်ကယ်မောင်းနှင်သူ ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက်နေ ဦးထွန်းရင်၏သား မောင်ဇေယျာထွန်း(၃၁)နှစ်သည် ဦးခေါင်းသို့ လက်နက်ငယ်ကျည်ထိမှန်၍ ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိစဉ် သေဆုံးသွားခဲ့ကာ ဒေါ်ဌေးဌေးမှာလည်း ကျောကုန်းအလယ်သို့ လက်နက်ငယ် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံတွင် လိုအပ်သော ဆေးဝါးကုသမှုများဖြင့် အရေးပေါ် ကုသခဲ့သော်လည်း ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။

ယင်းဖြစ်စဉ်သိလျှင်သိချင်း နယ်မြေခံတပ်မတော်စစ်ကြောင်းက ဖြစ်စဉ်ဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်၍ ဒဏ်ရာရသေဆုံးလူနာများအား ကျောက်ကြီးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများနောက်သို့ ထက်ကြပ်လိုက်လံရှင်းလင်း ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## ဒိုဟာ အာရှအားကစားပြိုင်ပွဲ မြင်ကွင်းအဖုံဖုံ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဒိုဟာ ဒီဇင်ဘာ ၅

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲတွင် တရုတ်နိုင်ငံမှရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။**

ယင်းလက်ဆင့်ကမ်းပြေးပွဲတွင် ပါဝင်ခဲ့သည့် ကျောက်ကျင်း၊ လော်နန်၊ ကျို့ရာဖိနှင့် ပန်ကျိုရာရင်တို့သည် စံချိန်လေးမိနစ်နှင့် ၄၃ဒသမ၂၂စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

ထိုနေ့က ကမ္ဘာ့အလေးမချန်ပီယံ လီကျန်သည် အမျိုးသား ၅၆ ကီလိုတန်း အလေးမပြိုင်ပွဲတွင် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းရွှေတံဆိပ်မှာ အဆိုပါ (၁၅)ကြိမ်မြောက် ဒိုဟာအာရှ အားကစားပြိုင်ပွဲ၌ ၎င်း၏ တတိယမြောက် ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလေးမပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံမှ ဟောင်အန်တန်က ငွေတံဆိပ် ဆွတ်ခူးနိုင်ပြီး တောင်ကိုရီးယားမှ လီဂျွန်ဟွန်းက ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

**အမျိုးသား ၅၆ကီလိုတန်း အလေးမပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ လီကျန်၏ ယှဉ်ပြိုင်မှုအားမာန်။**
(ဓာတ်ပုံ-အင်တာနက်)



### ၆၂ ကီလိုအလေးမ

အမျိုးသား ၆၂ကီလိုတန်း အလေးမပြိုင်ပွဲတွင်လည်း တရုတ်နိုင်ငံမှ ကျူလီနှင့် မာအိုဂျာအိုတို့သည် ရွှေနှင့်ငွေတံဆိပ် အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။ ကျူလီသည် စုစုပေါင်း ၃၁၇ ကီလိုဂရမ်မပြီး ရွှေတံဆိပ်ရခဲ့သည်။ မာအိုဂျာအိုက ၃၁၅ကီလိုဂရမ်မပြီး ငွေတံဆိပ်ရခဲ့သည်။ မြောက်ကိုရီးယားမှ ဆုအမ်ယွန်းက ကီလိုဂရမ်၃၀၀မပြီး ကြေးတံဆိပ်ရခဲ့ကြောင်း သိရသည်။

### ရေကူး

အမျိုးသား မီတာ ၂၀၀ လိပ်ပြာကူး ရေကူးပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဝူပင်းက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ဝူသည် အဆိုပါပြိုင်ပွဲတွင် တစ်မိနစ်နှင့် ၅၄ဒသမ ၉၁စက္ကန့်ဖြင့် အကောင်းဆုံး စံချိန်တင်ခဲ့သည်။

အမျိုးသမီးရေကူးပြိုင်ပွဲတွင် အရှေ့အာရှ အားကစားပွဲ ချန်ပီယံများ ဖြစ်ခဲ့ကြသည့် ကျို့ရာဖိနှင့် ပန်ကျိုရာရင်တို့သည်လည်း ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ကျို့ရာဖိသည် အမျိုးသမီး မီတာ၁၀၀ လိပ်ပြာရေကူးတွင် စံချိန် ၅၈ဒသမ၃၉ စက္ကန့်ဖြင့်လည်းကောင်း၊ ပန်ကျိုရာရင်သည် မီတာ ၂၀၀ အလွတ်ရေကူးတွင် စံချိန်

**ဒိုဟာ အားကစားပြိုင်ပွဲ အမျိုးသား ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းမှ ဇော်လတ်** (ယာ)**၏ ယှဉ်ပြိုင်ခတ်ဟန်ကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)



တစ်မိနစ်၅၉ဒသမ၂၆စက္ကန့်ဖြင့်လည်းကောင်း အသီးသီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသားမီတာ ၅၀ဖားကူးပြိုင်ပွဲတွင် ကာဇက်စတန်နိုင်ငံမှ ပေါ်လီယာကော့ဗ်က ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### ကြက်တောင်ရိုက်

အမျိုးသား ကြက်တောင်ရိုက် ပြိုင်ပွဲတွင် အင်ဒိုနီးရှား ကြက်တောင်ရိုက်အားကစားအသင်းသည် နောက်ဆုံး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ဂျပန်ကို ၅-၀ဖြင့် လည်းကောင်း၊ ထိုင်းကို ၃-၂ ဖြင့် လည်းကောင်း အသီးသီးနိုင်ပွဲရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်လာသည်။

အခြား အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသော အခြား ကြက်တောင်ရိုက် အသင်းများမှာ တရုတ်၊ တောင်ကိုရီးယားနှင့် မလေးရှားတို့ ဖြစ်သည်။

### ဘောလုံး

ဒိုဟာအာရှ အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲများ ယှဉ်ပြိုင်ကစားရာ တရုတ်အသင်းက မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဂျပန်အသင်းက ဆီးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရခဲ့သည်။

တရုတ် အသင်းသည် နှစ်ပွဲဆက်တိုက် အနိုင်ရထားပြီး နောက်တစ်ဆင့်တက်ရန် အလားအလာကောင်းနေပြီး မလေးရှားအသင်းသည် နှစ်ပွဲဆက်တိုက်ရှုံးထားသည်။

**အမျိုးသား စားပွဲတင်တင်းနစ် ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဝမ်ဟော် ပြိုင်ဘက် တောင်ကိုရီးယားအသင်းကို အနိုင်ရပြီး ဤသို့ အောင်ပွဲခံခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)



### စားပွဲတင်တင်းနစ်

အမျိုးသား စားပွဲတင်တင်းနစ် ပြိုင်ပွဲတွင် အာရှ၏ လက်ရှိချန်ပီယံ တရုတ်အသင်းသည် တောင်ကိုရီးယားအသင်းကို ၃-၀ဖြင့် အနိုင်ရပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ တရုတ် စားပွဲတင်တင်းနစ်အသင်းသည် တောင်ကိုရီးယားအသင်းနှင့် လေးကြိမ်မြောက် ဗိုလ်လုပွဲတွင် ဆုံတွေ့ခဲ့ရာ၌ တရုတ်အသင်းက လေးကြိမ်မြောက် ဆက်တိုက်အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

တရုတ်စားပွဲတင်တင်းနစ် အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ဝမ်ဟော်၊ မာလင်းနှင့် ချန်ကျီတို့ ပါဝင်ကစားခဲ့ရာ ယင်းတို့သည် ပြိုင်ဘက်တောင်ကိုရီးယား ကစားသမားများအပေါ် ယှဉ်ပြိုင်အနိုင်ယူခဲ့သည်။ ။ **(အင်တာနက်)**

## ပရီမီယာလိဂ်ပွဲစဉ်(၁၆)လက်ကျန်ပွဲ မန်စီးတီးနှင့် ဝေါ့ဖို့ဒ်တို့ ဂိုးမရှိသရေကျ

စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ

လန်ဒန် ဒီဇင်ဘာ ၅

**ပရီမီယာလိဂ်ပွဲစဉ်(၁၆) လက်ကျန်ပွဲအဖြစ် မန်စီးတီးနှင့် ဝေါ့ဖို့ဒ်တို့ပွဲကို ဒီဇင်ဘာ ၄ရက်၌ ဆက်လက်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ကာ တစ်မှတ်စီခွဲဝေယူခဲ့ကြသည်။**

အိမ်ကွင်း၌ အနိုင်ကစားရန် ဆုံးဖြတ်ထားသော မန်စီးတီးတို့ ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့ရာ ဝေါ့ဖို့ဒ်ဘက်သို့ မနားတမ်း ထိုးဖောက်ကစားခဲ့သည်။ မန်စီးတီးတိုက်စစ်မှူး



**မန်စီးတီးနှင့် ဝေါ့ဖို့ဒ်တို့ပွဲတွင် မန်စီးတီးမှ ဗက်ဆဲလ်** (ဝဲ)**က ဝေါ့ဖို့ဒ်မှ ဂျိမ်းစ်ချမ်ဘာ၏ ထိုးဖောက်ကစားမှုကို ဤသို့ဟန့်တားရန်ကြိုးစားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

များဖြစ်သည့် ဗက်ဆဲလ်၊ ဆာမာရက်စ်နှင့် ကိုရာဒီတို့က ဝေါ့ဖို့ဒ်နောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ပြီး ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့ရာ ဂိုးသွင်းခွင့် ၁၅ ကြိမ်ရရှိခဲ့ပြီး အပိုင်ဂိုးသွင်းခွင့် ၁၂ကြိမ်ရရှိခဲ့သည်။

### ကာကွယ်နိုင်

သို့သော်လည်း မန်စီးတီးတိုက်စစ်မှူးများ ကန်ချက်မမှန်မှု၊ ဆန္ဒစောနေမှုနှင့် ဝေါ့ဖို့ဒ်ဂိုးသမား ရစ်ချက်လီ ကာကွယ်နိုင်မှုတို့ကြောင့် မန်စီးတီးတို့ အိမ်ကွင်း၌ သွင်းဂိုး တစ်ဂိုးမျှ မရရှိခဲ့ခြင်းဖြစ်သည်။

### မသေချာ

ဝေါ့ဖို့ဒ်တို့က မန်စီးတီးကို ခြေရည်တူ မကစားနိုင်ဘဲ ခံစစ်ဖြင့် ထိန်းပြီးကစားသွားခဲ့ရာ တစ်ခါတစ်ရံမှသာ တန်ပြန်တိုက်စစ်မှတစ်ဆင့် ဂိုးရရှိရေးကြိုးပမ်းခဲ့ရာ ဂိုးသွင်းခွင့် ခြောက်ကြိမ်ရရှိခဲ့ပြီး လေးကြိမ်အပိုင်ကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးသွင်းမသေချာမှုများကြောင့် တစ်ဂိုးမျှမရခဲ့ခြင်း ဖြစ်သည်။

### တန်းစီဇယား

မန်စီးတီးတို့ အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် ဆာမာရက်စ်အစား မီလ်လာနှင့် ရေးနာအစား ဟာမန်းတို့ အစားထိုးဝင်ရောက်ကစားခဲ့ကြသော်လည်း ဂိုးမရရှိသဖြင့် အိမ်ကွင်း၌ သရေပွဲနှင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မန်စီးတီးသည် ယခုပွဲ သရေကျခဲ့သဖြင့် ၁၆ပွဲကစား၊ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် အမှတ် ၂၀ရရှိကာ တန်းစီဇယား အဆင့် ၁၀တွင်ရှိနေပြီး ဝေါ့ဖို့ဒ်မှ တန်းစီဇယား၌ အဆင့် ၁၉တွင် ရပ်တည်နေသည်။ **(အင်တာနက်)**

## လီဗာပူးကလပ်ရောင်းချမှုအတွက် ဘင်နီတက်ဇ် ဝမ်းသာနေ

**လန်ဒန် ဒီဇင်ဘာ ၅**

လီဗာပူးကလပ်ကို ဒူဘိုင်းအင်တာနေရှင်နယ် ကက်ပီတယ် (ဒီအိုင်စီ)သို့ ပေါင်သန်း၄၅၀ ဖြင့်ရောင်းချမည့် သတင်းကို လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ကြိုဆိုလိုက်ကြောင်း သိရသည်။

### ကျေနပ်

ယခုသတင်းကြားရမှုနှင့်ပတ်သက်ပြီး လီဗာပူးကလပ် ဉက္ကဋ္ဌနှင့် ကလပ်၏အုပ်ချုပ်မှုအကြီးအကဲ ရစ်ခ်ကာရီအား မိမိအနေဖြင့် ကျေနပ်ဝမ်းသာကြောင်း ပြောကြားခဲ့သည်ဟု ဘင်နီတက်ဇ်က ပြောကြားသည်။

### ငွေကြေး

မိမိအနေဖြင့် လီဗာပူးအသင်းအတွက် ငွေကြေးပိုမိုသုံးစွဲပြီး အသင်းကောင်းတစ်သင်းဖြစ်လာရန် ယခုကဲ့သို့ ပြောခြင်းဖြစ်ကြောင်း၊ လီဗာပူးကလပ်သည် အားကစားသမားများအတွက် ငွေကြေးသုံးစွဲမှု များစွာလိုအပ်နေကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။



**လီဗာပူးနည်းပြ ဘင်နီတက်ဇ်။**

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်သရဖူ ငါးကြိမ်ရထားသောအသင်းဖြစ်သည်။ ယခုအခါ ဒီအိုင်စီနှင့် အပြီးသတ်ဆွေးနွေးမှုများပြုလုပ်နေရာ မကြာမီအချိန်အတွင်း ရောင်းချမှုပြီးမြောက်မည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ဟမ်းဘတ် အသင်းခေါင်းဆောင် ဗင်ဒါဗက် လေးပွဲအပိတ်ခံရ



**ဟမ်းဘတ် အသင်းမှ လေးပွဲ အပိတ်ခံရသည့် ဗင်ဒါဗက်။**
(ဓာတ်ပုံ-အင်တာနက်)

**ဘာလင် ဒီဇင်ဘာ ၅**

ဂျာမန်ကလပ် ဟမ်းဘတ်အက်စ်ဗွီအသင်းခေါင်းဆောင် ရာဖေးလ်ဗင်ဒါဗက်အား ဂျာမန်ဘောလုံးအဖွဲ့ချုပ် (ဒီအက်ဖ်ဘီ)က လေးပွဲပယ် ပြစ်ဒဏ်ချမှတ်လိုက်သည်။

### ပွဲပယ်

ရာဖေးလ်ဗင်ဒါဗက်သည် ဒီဇင်ဘာ ၂ ရက်က ကစားခဲ့သော ဘိုချန်နှင့်ပွဲတွင် ဘိုချန်အသင်းမှ တွမ်မီဘတ်မင်းအား ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ပွဲပယ်ပြစ်ဒဏ်ခံရခြင်း ဖြစ်သည်။

ဒတ်ချ်နိုင်ငံတကာ ကွင်းလယ်ဘောလုံးသမား ရာဖေးလ်ဗင်ဒါဗက်သည် ဟမ်းဘတ်အသင်းတွင် အဓိက ကစားသမားတစ်ဦးဖြစ်သဖြင့် လာမည့်ပွဲများ၌ ဟမ်းဘတ်အသင်း အခက်အခဲနှင့်ကြုံတွေ့ရဖွယ်ရှိနေသည်။

### ဒဏ်ရာ

ထို့အတူ ဟမ်းဘတ်အသင်းမှ အာဂျင်တီးနား နောက်ခံကစားသမား ဂျွန်ပါဘလိုဆိုရင်လည်း ခြေထောက် ဒဏ်ရာရရှိနေသဖြင့် လာမည့်နှစ်ဆန်းအချိန်အထိအသင်းတွင် ပါဝင်ကစားနိုင်ခြင်းမရှိကြောင်း သိရသည်။ **(အင်တာနက်)**

# နယ်မြေဖွံ့ဖြိုးတိုးတက်ရေး သီပေါမြို့၌ ညှိနှိုင်းဆွေးနွေး ဆောင်းသီးထပ်သီးနှံနှင့် နွေစပါးစိုက်ပျိုးရန် မြေပြုပြင်

သီပေါ ဒီဇင်ဘာ ၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘဝင်းသည် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၇ရက် နံနက် ၁၀နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။**

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဘဝင်းက စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများနှင့် မိုးစပါး ရိတ်သိမ်းရေးတွင် အလေအလွင့်မရှိအောင် ဆောင်ရွက်ရေး ကို လည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်သန်းတို့က နွေစပါးနှင့် ဆောင်းသီးထပ်သီးနှံ များ စိုက်ပျိုးမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးဘဝင်းနှင့်အဖွဲ့ဝင်များသည် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ ဆောင်းသီး ထပ်(သုံးသီးစား)နှင့် နွေစပါးစိုက်ပျိုးရန် မြေပြုပြင် ဆောင် ရွက်မှုများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် ဆောင်းသီးနှံ(သုံးသီး စား)နှင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများ ဖာဖိတ်ဆည်မှ ရေလုံလောက်စွာ ရရှိရေးအတွက် လက်ဝဲမြောင်း ပြန်လည် တူးဖော်ရှင်းလင်းရေးနှင့် တောင်သူလယ်သမားများ၏ တင်ပြချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၀၆–၂၀၀၇ ခုနှစ် သီပေါမြို့နယ်တွင် နွေစပါးဧက ၆၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



## ပဒေသာပင်လှည့်လည်

**ကလောမြို့နယ် အောင်ပန်းမြို့ (၃၉)ကြိမ်မြောက်စုပေါင်း မဟာ ဘုံကထိန်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၄ရက်က မြို့ပေါ် ၁၂ရပ်ကွက်မှ အလှူရှင် များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ တန်ဖိုးငွေကျပ်သိန်း ၃၀ကျော်ရှိ ပဒေသာပင်များဖြင့် မြို့တွင်းလှည့်လည်ကြစဉ်။** (မြို့နယ် စာနယ်ဇင်း)

## မြို့ မီးမလောင်ရ ရပ်ကွက်၊ ကျေးရွာ မီးမလောင်ရ

## ဓာတ်ဆီဖြည့်မှု သတိပြု

**ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော် ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှုမှ သဘာဝတည်ငြိမ်လျှပ်စစ်တို့ ဖြစ် ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြ ပါရန်။**

(မီးသတ်ဦးစီးဌာန)

**မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မြို့ဝင်ဆိုင်းဘုတ်ရှေ့ တွင် အုတ်စီပန်းခုံနှင့် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၃ရက်က အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှ အောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



## လမ်းဘေးမြောင်းဖုံးများ ပြုလုပ်ဆောင်ရွက်

**ကာမိုင်း နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာ လှပရေးအတွက် နိုဝင်ဘာ ၁၅ရက်က လမ်းဘေးပလက်ဖောင်းမြောင်းအဖုံးများ ပြုလုပ်ဆောင်ရွက်မှုကို မြို့နယ်တာဝန် ခံ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင် နီယာ ဦးအေးဇော်မြင့်တို့ ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းစနစ်တကျရှိစေ ရန် ကြပ်မတ်ဆောင်ရွက်ကြသည်။

(၄၁၆)

**မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကော့ခမယ်–ဇော်ကုန်းမြေသားလမ်း ဖောက်လုပ်ဆောင်ရွက်မှုကိုနိုဝင်ဘာ ၁၀ရက်ကမွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက ရှင်းလင်းတင်ပြစဉ်။**
(မြို့နယ်စည်ပင်)



## အမြို့မြို့ အနယ်နယ် သတင်းများ



## ပခုက္ကူမြို့၌ အရန်သားဖွားသင်တန်းဆင်း

**ပခုက္ကူ နိုဝင်ဘာ ၂၄**

ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့် လှစ်သည့် အရန်သားဖွားသင်တန်း ဆင်းပွဲကို နိုဝင်ဘာ ၁၅ရက်နံနက် ၉နာရီက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပ သည်။

### ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာဦးသိန်းထွန်း**(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး သင်တန်း နည်းပြများအား ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ချိုချိုဝင်းက ဂုဏ်ပြုလက် ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် သင်တန်းဆင်းလက် မှတ်များကို ဆေးရုံအုပ်ကြီးဒေါက်တာ ဦးသိန်းထွန်းကပေးအပ်ရာ သင်တန်း သူတစ်ဦးက လက်ခံရယူပြီး ကျေးဇူး တင်စကား ပြောကြားသည်။

### တက်ရောက်

အဆိုပါ အရန်သားဖွားသင်တန်း သို့ သင်တန်း သူ၃၀တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလကြာမြင့် ကြောင်း သိရသည်။ **(၄၁၃)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**နတ်တော်လပြည့်ကျော် ၃ရက်**
**၇–၁၂–၂၀၀၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဇီဝဒီဇယ်ဆီထုတ်လုပ်မှု အောင်မြင်ရေးအသိပညာပေး ဆွေးနွေးပွဲအကြောင်း) (ပထမပိုင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သိရန်၊ မှတ်ရန်၊ လေ့လာရန် (သတ္တမတွဲ) (ဆရာဦးသိန်းလွင်)
(၂) မြစ်ကြီးနားတိုက်ပွဲ (တက္ကသိုလ်နန္ဒမိတ်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (နှလုံးနှင့် သွေးကြောစောင့်ရှောက်မှု–တတိယပိုင်း) (မောင်ဆုရှင်)
၁၂း၃၀ အစာနှင့်အာဟာရ (အိမ်ရှင်မလက်စွဲ မီးဖိုချောင်သုံးစားဖွယ်စုံများ)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အချစ်ကလေး ပျောင်းသွားလို့လား(တက္ကသိုလ်ချိုလတ်)
(၂) မပျောင်းသေးပါဘူး (အနိုင်)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဓာတ်လမ်းပမာနားဆင်စရာ (ရင်ခွင်ရိပ်မှ ဝေးရာဆီ)
၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁) မီးထွန်းချိန် (ကိုလေးအောင်)
(၂) ကိုသိပ်ခက် (မာသီ)
(၃) နေရာတိုင်းမှာသူ့မျက်နှာ (ကေတုဝင်းထွင်)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အိပ်မက်ကလေးဆေးရောင်စုံ (ရီရီသန့်)
(၂) မျှော်လင့်ခြင်းဖြင့်သာ (ကိုလေးဝင်း)
(၃) သံယောဇဉ်ဖြတ်ဖို့ခက်တယ် (သန်းသန်းမြင့်လေး)

**ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပွင့်မာလာပန်းခြံသာယာ လှပရေးနှင့် ပန်းခြံအဆင့်မြှင့်ခြင်းအတွက် ဆောက်ရွက်မည့် လုပ်ငန်းများကို နိုဝင်ဘာ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့်အငယ်တန်း အင်ဂျင်နီယာ(၂)ဦးစိုးမိုးကျော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



## ဆုချီးမြှင့်

**သဃ်န်းကျွန်းမြို့နယ် အမက (၁၈)မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ငွေပဒေသာပင် ပေးအပ် လှူဒါန်းပွဲကို နိုဝင်ဘာ ၂၅ရက်က ကျင်းပရာ စာပေဘာသာထူးချွန်ဆုရ ပထမတန်း(ခ)မှ မောင်ဝေဖြိုးဦးအား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဌေးက ဆုချီးမြှင့်စဉ်။** (ပညာရေး)





အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ၃လမ်း အမှတ်(၅)နေ ဘုန်းဘုန်းကြီး ဦးကေသရအားအမှူးထား၍ ကိုလင်းထိန်-မဝင်းဝင်းဌေးမိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဦးဝိမလ(ကျောက်ဆည်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## အိမ်မဲ အထက အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၅

အိမ်မဲ အထက ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက ရွှေညီလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၆၀ ပြည့် ဆရာကြီး၊ ဆရာမကြီးများ ကန်တော့ခံ ကြွရောက်ပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ အလှူငွေများ ထည့်ဝင်ပြီး အခမ်းအနား တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ရန်ကုန်မြို့မှ လိုက်ပါကြမည့် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ဝက်စတင်းပတ် အလုံမြို့နယ်စုရပ်မှ ဒီဇင်ဘာ ၃၀ရက်(စနေနေ့) နံနက် ၈နာရီ ကားထွက်မည်ဖြစ်၍ အချိန်မီလာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)



ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ချမ်းမြေ့မေတ္တာလုံးချင်းအိမ်ရာ တိုက် (ဘီ-၆) နေ ဘိုကလေး ဒေါ်သန်းသန်း အသက်၈၀ပြည့် ပတ္တမြားရတု မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူတော်ငွေကျပ် သိန်း၂၀ကို ရွှေရတုတိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလာတို့ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မြို့နယ်သတင်းများ

## အုပ်ချုပ်မှုစွမ်းရည် ခိုင်မာရေး အထူးမွမ်းမံသင်တန်း တီးတိန်မြို့၌ဖွင့်

တီးတိန် ဒီဇင်ဘာ ၅

ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အုပ်ချုပ်မှုစွမ်းရည်ခိုင်မာရေး အထူးမွမ်းမံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီက ချင်းပြည်နယ် တီးတိန်မြို့ အားကစားခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အုပ်ချုပ်မှုစွမ်းရည်ခိုင်မာရေး အထူးမွမ်းမံသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## ကျိုက်ထီးရိုးတောင်ခြေ ဒေသခံတိုင်းရင်းသားလူနာများ အထူးကုဆရာဝန်များ အခမဲ့ကွင်းဆင်းဆေးဝါးကုသ

ကျိုက်ထို နိုဝင်ဘာ ၃၀

မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့က ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် နိုဝင်ဘာ ၂၄ရက်က ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ အထက(ခွဲ)တွင် ကျိုက်ထီးရိုးတောင်ခြေတစ်ဝိုက် မြေပြန့်နှင့် တောင်တန်းကျေးရွာများမှ ဒေသခံတိုင်းရင်းသားလူနာ ၆၅၆ ဦးကို ကွင်းဆင်း၍ အခမဲ့ဆေးဝါးကုသပေးကြသည်။

အဆိုပါကုသရာသို့ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယတိုင်းမှူး၏ဇနီးဒေါ်ညွန့်ညွန့်ဝေနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန် ဦးဖုန်းနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ (၂၉၄)



လန်ဒန်မြို့ မိုးကုတ်ဝိပဿနာ ရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ (၃၂-၃၄) ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ်တွင် မိဘနှစ်ပါးနှင့် ဇနီး ဒေါ်ခင်လှအားရည်စူး၍ ဦးဟုတ်ရှိန်(လှမြင့်မိုရ်ရွှေဆိုင်) ၁၃၆ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်က ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်က လက်ခံယူစဉ်။ (က-ပ)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး သင်တန်းခန်းမတွင် ကျင်းပသည့် စက်ရေတွင်း၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးသင်တန်းကို အောက်တိုဘာ ၂၉ ရက်က ကျင်းပရာ ပြုပြင်ထိန်းသိမ်းရေးဌာနစိတ် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းနိုင်က စက်ရေတွင်း၊ စက်ပစ္စည်း ပြုပြင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။ (မြို့နယ်စည်ပင်)





ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ အမှုဆောင်အရာရှိဦးကြည်စိုးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တပ်စုမှူး ဦးရဲထွေးအောင်တို့ ဦးဆောင်သော မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၀ ရက်က မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ကြစဉ်။ (မြို့နယ်စည်ပင်)

## ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ရွှေကူမြို့ အမှတ်(၄)ရပ်ကွက်ရှိ ရွှေကူမြို့ဝင်ဆိုင်းဘုတ်အနီး ချုံနွယ်၊ မြက်များရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အောက်တိုဘာ ၂၁ ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မှုလုပ်ငန်းဖြစ်သော ဘိုကတော်ကျေးရွာ ရေစက်ရုံနှင့် ရေကန်ဆောင်ရွက်မှုကို နိုဝင်ဘာ ၃ ရက်က အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွန့်တို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



## ဘားအံမြို့၌ ကွန်ကရစ်တံတားဆောက်

ဘားအံ ဒီဇင်ဘာ ၁

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်လွင်နှင့် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်နိုင်တို့သည် နိုဝင်ဘာ ၂၄ ရက်က အမှတ်(၆)ရပ်ကွက် စိန်စီမြလမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

## နတ်မောက် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောမည်

နတ်မောက် နိုဝင်ဘာ ၂၆

နတ်မောက်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးပွဲကို နိုဝင်ဘာ ၂၀ရက် မွန်းလွဲ ၂နာရီက နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆွေ၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဦးထွန်းရှည် (နတ်မောက်ထွန်းရှည်)၊ ဥက္ကဋ္ဌဦးတင်အေး (တင်အေးနတ်မောက်) တို့က အမှာစကားများ ပြောကြားကြသည်။

### ကျင်းပမည်

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ စာရေးဆရာ၊ စာရေးဆရာမများနှင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၁၅၆)

6-12 (16) 1 12/5/06, 11:27 PM

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသားသင်တန်းသူများ လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈) သင်တန်းသားသင်တန်းသူများ၏ လေ့လာရေးခရီးစဉ်နှင့်စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက နေပြည်တော်ရှိ နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမဥ္စကျင်းပရာ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ရှစ်ဖွဲ့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က လေ့လာရေးခရီးစဉ် အဆင်ပြေချောမွေ့စေရေး မှာကြားသည်။

**ဆွေးနွေးအကြံပြု**

ဆက်လက်၍ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က ခရီးစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေး အကြံပြုကြသည်။

ထို့နောက် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား သင်တန်းသူများ၏ လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် သင်တန်းသား သင်တန်းသူများ၏ လေ့လာရေး ခရီးစဉ်နှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

## မိုးလေဝသအခြေအနေ

၆-၁၂-၂၀၀၆

**နေပြည်တော်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်မြို့**

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

**မန္တလေးမြို့**

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

# အာရှ၏ ရေအရင်းအမြစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်မှုလေ့လာရေးအဖွဲ့ မြန်မာနိုင်ငံ၏ကြီးမားသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မှု လာရောက်လေ့လာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများ စာတမ်းများတင်သွင်းခဲ့

**နေပြည်တော် ဒီဇင်ဘာ ၅**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်းသို့ လာရောက်လေ့လာကြသော Colenco Power Engineering Co., Ltd. မှ ဒေါက်တာဒန်စတင် ဦးဆောင်သည့် နိုင်ငံခြားသားပညာရှင်များနှင့် တွေ့ဆုံ၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်သော သိသင့်သည့် အဓိကအချက်အလက်အချို့ကိုရှင်းပြ၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စတင်ဆောင်ရွက်ခဲ့**

ထို့နောက် လေ့လာရေးအဖွဲ့အား ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း စတင်ဆောင်ရွက်ခဲ့သည်မှ ယခုအထိ တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းအရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပုံကို မှတ်တမ်းတင် ဗီဒီယိုဆလိုက်များဖြင့် ရှင်းပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရဲရွာရေအားလျှပ်စစ် စီမံကိန်းနှင့်ပတ်သက်၍ နည်းပညာပိုင်းကိုလည်းကောင်း၊ တည်ဆောက်မှုလုပ်ငန်းကိုလည်းကောင်း ရှင်းပြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ပင်မတမံ၏ လက်ယာဘက်ကမ်း EL-197 ရှုရပ်မှ ပင်မတမံ R.C.C ကွန်ကရစ် သွန်းလောင်းနေမှုကို လေ့လာပြီး ဆွေးနွေးမေးမြန်းမှုများကို တည်ဆောက်ရေးလုပ်ငန်းရှိ တာဝန်ရှိသူများက ရှင်းလင်းသည်။

လေ့လာရေးအဖွဲ့ဝင်များသည် ရဲရွာကွန်ကရစ်တမံကို အပိုင်းလိုက် အဆင့်လိုက် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်နေမှုကို ပုံစံငယ်ဖြင့် ပြသရာ စိတ်ဝင်တစား လေ့လာမေးမြန်းကြသဖြင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဖောက်လုပ်ပြီးစီးခဲ့သော Inspection Gallery ဥမင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်းဝင်ရောက် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် ဝန်ကြီးနှင့်အတူ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြ၍ ဝန်ကြီးက ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

လေ့လာရေးအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၄ ရက်တွင် ပုပ္ပားဒေသရှိ သဘာဝပိုဇိုလန်စက်ရုံသို့ရောက်ရှိပြီး တာဝန်ရှိသူများက သဘာဝပိုဇိုလန်နှင့် စက်ရုံအကြောင်းရှင်းပြပြီး သဘာဝပိုဇိုလန်မိုင်းကိုလည်းကောင်း၊ သဘာဝပိုဇိုလန်ကုန်ကြမ်းနှင့် ကြိတ်ခွဲပြီး ကုန်ချောကိုလည်းကောင်း၊ ကုန်ချောအရည်အသွေး စမ်းသပ်မှုကို ***စာမျက်နှာ ၁၁ ကော်လံ ၁*** ■


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး